မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၀ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၂၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီတလီနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အီတလီသမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဂျော်ဂျီယို နာပိုလီတာနို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင် ကျောက်စိမ်းအထူးရောင်းချပွဲ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း၌ ကျင်းပမည်

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက် ၆နာရီခွဲတွင် ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းသို့ ရောက်ရှိကြပြီး မင်းဓမ္မလမ်းဖြတ်သမိုင်းချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်၊ ရွှံ့နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် မရမ်းကုန်းမြို့နယ်ရှိ မင်းဓမ္မလမ်းကို ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကိုလည်းကောင်း၊ မင်းဓမ္မလမ်းရှိ Myanmar Convention Center ဝင်း၏ ပေ၂၅၀ ပတ်လည် တိုးချဲ့မြေနေရာ၌ မြေသားအမာခံပြုလုပ်၍ လမ်းခင်းကျင်းရန် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ Myanmar Convention Center ဝင်းအတွင်း ကျင်းပမည့် ၂၀၀၆ခုနှစ် ဇွန်၊ ဇူလိုင် ကျောက်စိမ်းအထူးရောင်းချပွဲအတွက် ကျောက်စိမ်းတုံးများ ခင်းကျင်းပြင်ဆင်ထားမှုကိုလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့ကို ဆက်သွယ်ထားသည့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဝင်လမ်းအား ကတ္တရာခင်းကျင်းပြီးစီးမှု အခြေအနေနှင့် လမ်းပေါ်ရှိ သစ်သားတံတား အခြေအနေတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှာထားချက်ပြည့်မီရေးဆောင်ရွက် စီမံကိန်းသစ်များသတ်မှတ်ကာလ ပြီးစီးအောင်တည်ဆောက်

နေပြည်တော် မေ ၁၉

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် စက်ရုံအထွေထွေ မန်နေဂျာများ တက်ရောက်ကြသည်။ ***စာမျက်နှာ ၉ ကော်လံ ၁*** ❐

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင် သိန်း လင်း တို့ Myanmar Convention Center ဝင်းအတွင်း ကျင်းပမည့် ၂၀၀၆ခုနှစ် ဇွန်၊ ဇူလိုင် ကျောက်စိမ်းအထူး ရောင်းချပွဲအတွက် ကျောက်စိမ်းတုံးများ ခင်းကျင်းပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်တွင်းစားသုံးဆီ ဖူလုံပြည့်ဝလာစေရေး အထွက်နှုန်းကောင်းဆီအုန်းမျိုးများ တိုးချဲ့စိုက်ပျိုး

ကွင်းဆင်းတွေ့ဆုံမေးမြန်းသူ – မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၉

မြန်မာ့နှစ်ရှည်ပင်များတွင် ရော်ဘာကဲ့သို့ ဆီအုန်းသည်လည်း ရေရှည်အကျိုးဖြစ်ထွန်းသော သီးနှံဖြစ်သည်။

မြန်မာနိုင်ငံတွင် ရာသီဥတုနှင့်လိုက်ဖက်သော ဆီအုန်းစိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်း ဧကထောင်ပေါင်းများစွာရှိသည်။ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် သားစဉ်မြေးဆက် ရေရှည်အကျိုးအမြတ် ရရှိစေနိုင်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

စူပရင်းကုမ္ပဏီ၏ မျိုးကောင်းမျိုးသန့် ဆီအုန်းစိုက်ခင်းကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ဆီအုန်းတိုးချဲ့စိုက်ခင်းများ ဇွန်လအတွင်း လုပ်ဆောင်ရန်အချက်များ

(က) ပင်ပျိုဆီအုန်းစိုက်ခင်းများအတွက်

(ကက) ပထမနှစ်စိုက်ခင်းများအတွက်

၁။ မြေဆီခံမြောင်းများတူးဖော်ခြင်း–မြေအနိမ့်အမြင့်ရှိသောနေရာတွင် ၂ပေ X ၂ပေ မြောင်းတူးရန်။

၂။ ငုတ်ထုတ်ခြင်း–‘ပ’အဆင့်အပင်ပတ်လည် ၁၀ ပေအတွင်း၊ ‘ဒု’အဆင့် တစ်ခြံလုံး။

၃။ လမ်းဖောက်ခြင်း–၁၂ပေအကျယ်လမ်းများ တစ်ဧက တစ်သံကြိုးနှုန်း ဖောက်ရန်။

၄။ အပင်စိုက်ပျိုးခြင်း–ဇွန်လဆန်းမှ ဇွန် ၂၀အတွင်း အပြီးစိုက်ရန်။

၅။ အပိုင်းအပြောင်ရှင်းခြင်း– ဇွန်လတတိယပတ်မှစ၍ ဆောင်ရွက်ရန်။

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၂၀ ရက်)

ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း လိုက်နာ

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ စည်းကမ်းရှိမှ လူ့ဘဝ၏တိုးတက်မှုကို ရရှိနိုင်သည်။ အရာရာတွင် စည်းကမ်းလိုက်နာတတ်စေရန် မိမိကိုယ်မိမိ လေ့ကျင့်ပျိုးထောင်ကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံကြီးသား ပီသမည်ဖြစ်သည်။

မြို့ကြီး၊ပြကြီးများတွင် မော်တော်ယာဉ်များသည် တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိသည်။ ယင်းသို့ မော်တော်ယာဉ်များ တိုးတက်များပြားလာသည့်အလျောက် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်။

ယာဉ်မတော်တဆဖြစ်ပွားမှုများကို လေ့လာကြည့်ပါက ယာဉ်မောင်းသူများ၏ ယာဉ်စည်းကမ်း မလိုက်နာဘဲ ပေါ့ဆမှုကြောင့် လည်းကောင်း၊ ခြေကျင်သွားသူများ၏ လမ်းစည်းကမ်းမလိုက်နာမှုများကြောင့်လည်းကောင်း ဖြစ်ပွားပေါ်ပေါက်ရသည်ကို တွေ့ရသည်။

ယာဉ်မောင်းများသည် လူကူးမျဉ်းကျားတွင် လူဖြတ်ကူးနေသော်လည်း အရှိန်လျှော့မမောင်းခြင်း၊ ခြေကျင်လျှောက်သူများသည်လည်း မျဉ်းကျားမှမကူးဘဲ လွယ်လင့်တကူ ဖြတ်ကူးနေကြခြင်းတို့ကို တွေ့မြင်နေရသည်။

ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရန် ခြေကျင်သွားသူများအနေဖြင့် လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းပြထားချိန်၌ လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းနေကြရမည်ဖြစ်သည်။

ယာဉ်မောင်းများကလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ကြရမည်ဖြစ်သည်။

ခြေကျင်သွားသူများသည်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြမှသာ ယာဉ်အန္တရာယ်ဘေး ကင်းဝေးမည်ဖြစ်မည်။

အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းဖြတ်ကူးပါက အခြေခံကျပြီး ရိုးစင်းသော်လည်း အထူးလိုက်နာရမည့် အချက်ရှိသည်။ ၎င်းမှာ ရှေးဦးစွာ ဘယ်ဘက်ကို ကြည့်ပြီးနောက် ညာဘက်ကို ကြည့်ရမည်ဖြစ်သည်။ ယင်းနောက် ဘယ်ဘက်ကိုပြန်ကြည့်ပြီး တစ်ဖန် ညာဘက်ကိုလည်း ပြန်ကြည့်ခြင်းပြုပြီး လမ်းရှင်းမှ ကူးကြရန်ဖြစ်သည်။

ယာဉ်မောင်းများနှင့် ခြေကျင်လျှောက်သူများအနေဖြင့် နှစ်ဦးနှစ်ဖက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာမှသာ ယာဉ်အန္တရာယ် ဘေးကင်းဝေးမည်ဖြစ်သည်။

ထို့ကြောင့် ယာဉ်မောင်းသူများနှင့် ခြေကျင်လျှောက်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကျင့်သုံးကြခြင်းအားဖြင့် ယာဉ်အန္တရာယ်ကင်းဝေးပြီး အိမ်ပြန်အလာကို စောင့်မျှော်နေသည့် မိသားစုအား စိတ်ချမ်းမြေ့မှုရရှိနိုင်စေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၆ ရပ်ကွက် မာလာမြိုင် ၃လမ်း အမှတ် ၅၃နေ ကွယ်လွန်သူ နှစ်ဖက်သော မိဘများအား ရည်စူး၍ ဦးစိုးသိန်း-ဒေါ်ခင်မေဝင်းနှင့်သားသမီးများ၊ ဦးကျော်ကျော်မိုး-ဒေါ်စိုးစိမ့်ခိုင်၊ ဦးသန့်ဇင်-ဒေါ်စိုးစိမ့်လတ်၊ ဦးအောင်အောင်ကြည်-ဒေါ်စိုးစိမ့်အိ၊ ဗိုလ်ကြီးစိုးသူလ မိသားစုတို့က ရောဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ စေတီရံတစ်ဆူအတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ချီးမြှင့်စဉ်။ (က-ပ)

တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူစံပြဧက ၁၀၀ စိုက်ခင်း အသီး၊ အပွင့်များဖြင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိ

နေပြည်တော် မေ ၁၉

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်သည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့်အတူ မေ၁၃ရက် နံနက်ပိုင်းက လားရှိုးမြို့ရှိ တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀၀ ပျိုးဥယျာဉ်သို့ သွားရောက်၍ ပျိုးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုအခြေနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းတာဝန်ခံအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယတိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်၏ခြံစည်းရိုးကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြဧက(၁၀၀) စိုက်ခင်းအခြေအနေကိုလည်းကောင်း၊ ကျေးလက်ဒေသများသို့ ဖြန့်ဝေမည့် ကျေးလက်သုံးကြက်ဆူဆီမီးဖို အလုံး၂၀၀ အသစ်ထပ်မံရောက်ရှိမှု အခြေအနေများကို လည်းကောင်း၊ စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးများမှ ကြက်ဆူအသီး၊ အပွင့်များဖြင့် ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ညွှန်ကြားဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယတိုင်းမှူးသည် လားရှိုးမြို့ နားဖကျေးရွာအနီး အမှတ်(၃)ကုန်းမြင့်ယာမြေမှ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူပင် စံပြဧက(၁၀၀၀) စိုက်ခင်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စိုက်ပျိုးရေးတာဝန်ခံ ဦးကျော်ကျော်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယတိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယတိုင်းမှူးသည် လားရှိုးမြို့အထွက် အမှတ်(၁) ကုန်းမြင့် ယာမြေဧက (၁၀၀၀) မျိုးစေ့ထုတ်ကုန်အတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်နှင့် ရာသီသီးနှံ ပီလောပီနံ သီးညှပ်တစ်ဆက်တစ်စပ်တည်း စံပြဧက(၁၀၀) စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဝါပါဠိ ကြေးပိဋကတ်တော် ပြုလုပ်ရန်ငွေလှူဒါန်း

ရန်ကုန် မေ ၁၉

ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့လေအောင် မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းလျက်ရှိရာ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(သာသနာ့ဓဇဓမ္မာစရိယ)မဟာဂန္ထဝါစကပဏ္ဍိတထံသို့ လာရောက်လှူဒါန်းကြသော အလှူရှင်များမှာ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ မီးဒုံးလမ်းသွယ်(၄)နေ ဒေါ်စောမြအေးမိသားစု၊ ဒဂုံမြို့နယ် ဗိုလ်ရာညွှန့်လမ်း အခန်း ၂/ဘီ အမှတ် ၃၈/၄၀နေ ဦးညီညီထွန်း-ဒေါ်ဝင်းဝင်းအေး သမီး မစုသံသာညီ၊ မယုဝတီညီမိသားစု၊ကွယ်လွန်သူအဘွား ဒေါ်လှငွေနှင့် မိဘများအားရည်စူး၍ ဒဂုံမြို့နယ် ဗိုလ်ရာညွှန့်လမ်း အခန်း ၃/အေ အမှတ် ၃၈/၄၀ နေဒေါ်စန်းမြင့်၊ ဒေါ်ခင်မြင့်နွယ်မိသားစု၊ ပုဇွန်တောင်မြို့နယ် ၅၆ လမ်း အမှတ် ၇၃ (မြေညီထပ်)နေ မစောရတနာလှိုင်၊ ဒုတိယဗိုလ်မှူးကြီး တင်စိန်-ဒေါ်ခင်ငွေးရီ (ကထိက-ရူပဗေဒဌာန)၊ တပ်မတော် ဆေးတက္ကသိုလ်နှင့် သမီး မသင်းသူဇာညွှန့်၊ မရတနာတင်မိသားစု၊ ဒေါ်ခင်ငွေးရီ(ကထိက-ရူပဗေဒဌာန)၊တပ်မတော်ဆေးတက္ကသိုလ်တို့က ကြေးပြားတစ်ချပ်စီ၊ ပုဇွန်တောင်မြို့နယ် ၅၆လမ်း အမှတ် ၇၃ (မြေညီထပ်)နေ ဒေါ်ခင်အေးမူက ကြေးပြားနှစ်ချပ် အသီးသီးလာရောက်လှူဒါန်းကြသည်။

လှူဒါန်း

အလှူရှင်များလှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ဖြင့် မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ပူးပေါင်းဆောင်ရွက် စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်များ အပြန်အလှန်ဖလှယ်

ရန်ကုန် မေ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်အား Japanese Chamber of ˚Commerce & Industry, Yangon (JCCY) ဥက္ကဋ္ဌ Mr. Toshinao MUTO သည် မေ၁၇ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချင်း ပိုမိုပူးပေါင်း ဆောင်ရွက်ရေး၊ Japan-Myanmar CCI Business Cooperation Committee (JMB CC) အစည်းအဝေးများ ဆက်လက် ပူးတွဲကျင်းပနိုင်ရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ (JCCY) ဥက္ကဋ္ဌဟောင်း Mr. Yasuo OKUDA၊ အထွေထွေ အတွင်းရေးမှူး Mr. Tomohiro Ando နှင့် ဒါရိုက်တာ Mr. Murayama Taichi တို့လည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀-၅-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"တဏှာသခ်ရသုတ်"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"တမ်းတခြင်းမှ ဝေးပါစေ"** (သရုပ်ဆောင်-ဒွေး၊ မေသန်းနု)
၀၁:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၅၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၂၇)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိဗျတ္တိ"** (အပိုင်း-၁)

ဦးကျော်မောင်အားရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အနော်ရထာအိမ်ရာ တိုက်-ဘီ အခန်း ၁ တတိယထပ်နေ ဒေါ်မြသန်းမိသားစုက ဒဂုံမြို့နယ် မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အစိုးရဓမ္မာစရိယတန်းနှင့် ပါဠိပထမပြန်စာမေးပွဲအောင်မြင်ကြသော သံဃာတော်များအား ဂုဏ်ပြုပွဲ လင်းခေးမြို့၌ကျင်းပ

ရန်ကုန် မေ ၁၉

လမ်းခေးခရိုင် လင်းခေးမြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူး၍ မေ ၁၁ ရက် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲနှင့် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား အာစရိယပူဇော်ပွဲနှင့် အစိုးရဓမ္မာစရိယတန်းနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော သံဃာတော်များအား ဂုဏ်ပြုပွဲအခမ်းအနားတို့ကို လင်းခေးမြို့ ပရိယတ္တိစာသင်တိုက် မြို့လယ်ဘုရားလမ်း၌ ကျင်းပရာ လင်းခေးတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဝေနှင့် ဇနီး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် ဇနီး၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူလူထုအင်အား ၁၅၀၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်နှင့် သာမဏေ ၄၇၉ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသည်။

ပရိတ်တရားနာယူ

ယင်းနောက် ပရိယတ္တိစာသင်တိုက် (ကျောင်းကြီး) ဓမ္မာရုံ၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား အာစရိယပူဇော်ပွဲ၊ အစိုးရဓမ္မာစရိယတန်းနှင့် ပါဠိပထမပြန်စာမေးပွဲ အောင်မြင်ခဲ့ကြသော သံဃာတော်တို့အား ဂုဏ်ပြုပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပရိသတ်တို့က နမ့်အွန်ကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်ကို နာယူကြသည်။

ဆက်လက်၍ ပရိသတ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို စာအောင်သံဃာတော်များထံ ဆက်ကပ် လှူဒါန်းကြပြီး ရန်ကုန်မြို့ အောင်မြေဘုံသာစာသင်တိုက်မှ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနိကြောဓ (ဓမ္မာစရိယ) က အာစရိယပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဟောကြားထားသည်။

ရေစက်ချအမျှပေးဝေ

ယင်းနောက် ပရိသတ်တို့က ဆရာတော်အရှင်ပညိန္ဒ (သာသနဓဇ တက္ကသိုလ် ဓမ္မာစရိယ ဘီအေ)ထံမှ ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနေ့ ညနေပိုင်းတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူလူထုသည် လင်းခေးမြို့ ကမ္ဘဌာန်းကျောင်းတိုက်အနီးရှိ မဟာဗောဓိရွှေညောင်ပင်သို့ သွားရောက်ကြ၍ ဘုရားရေသပ္ပာယ်ပြီး ဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

၂၀၀၆ခုနှစ် မေလ ၂၂ရက်



ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်

အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဆင်း

ရန်ကုန် မေ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း အမှတ်စဉ်(၆/၂၀၀၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မီးသတ်ဦးစီးဌာန ကျန်စစ်သားခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်းဆင်းပွဲသို့ သင်တန်းသား ၅၁ဦး တက်ရောက်ခဲ့ပြီး ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ရက်က အမှတ် (၁၃)ရပ်ကွက် မြတ်ဒါန စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်မြင့် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် CCTV တပ်ဆင်ရန်အတွက် အမှတ် ၃ ဗောဓိရိပ်သာလမ်း ရွှေတောင်ကြား (၂)ရပ်ကွက်နေ ဒေါ်အေရီရယ်သော်တိုလင်တီနိုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝမ်းလျှော ဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါ ကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
* အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့် ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
* မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊
* မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
* ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
* သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့် နေရာတွင်ရှိခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

* သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းမပြုပါနှင့်၊
* ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊ ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
* ရေကို ကျိုချက်၍သောက်ပါ၊
* သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
* အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
* အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့် ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* ယင်လုံအိမ်သာ အသုံးပြုပါ၊
* အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့်လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားများမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းဖြတ်ကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အာရှ၌ အရပ်အရှည်ဆုံး အမျိုးသမီး တရုတ်နိုင်ငံသူ ယော်ဒီဖန် (အလယ်)အား ရှန်ဟိုင်းမြို့ ရူကျင်းဆေးရုံသို့ ဆေးစစ်ဆေးမှုခံယူရန် ရောက်ရှိလာသည်ကို မေ၁၇ရက်က တွေ့ရစဉ်။ (သူမသည် အသက်၃၄နှစ် အရွယ်ရှိပြီး အရပ် ၂၃သမ ၃၆မီတာမြင့်သည်။) **(ဓာတ်ပုံ-အင်တာနက်)**

စွန့်ပစ်လျှပ်စစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်ရေး တရုတ်စီစဉ်

ပေကျင်း မေ ၁၉

တရုတ်နိုင်ငံသည် လျှပ်စစ်ပစ္စည်း အလေအလွင့်များကို အသုံးပြု၍ ပစ္စည်းအသစ် ပြန်လည်ထုတ်လုပ်မည့်လုပ်ငန်းများထူထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မေ၁၆ရက်၌ ပြောကြားသည်။

လေထုညစ်ညမ်း

ပြည်တွင်းတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်း အလေအလွင့် ဖြစ်သည့် စွန့်ပစ်ထားသော မိုလ်ဘိုင်းလ်ဖုန်းနှင့် ဘက်ထရီများကြောင့် လူ့အသက်နှင့် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုများကို အဆိုးရွားဆုံးဖြစ်စေခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ထို့ကြောင့် ဒေသများစွာတွင် လျှပ်စစ်ပစ္စည်း အလေအလွင့်များမှ ပစ္စည်းအသစ်ပြန်လည်ထုတ်ရန် အစီအစဉ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားပြီး ယင်းလုပ်ငန်းများ ပြီးစီးမည့် အချိန်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဆိုးရွား

ယင်းလုပ်ငန်း စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုငွေသည် အဓိကအားဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများက ကျခံရမည်ဖြစ်ပြီး အစိုးရကလည်း ငွေကြေးအထောက်အပံ့အချို့ကို ပေးလိမ့်မည်ဟု ၎င်းက ဆိုသည်။ လျှပ်စစ်ပစ္စည်းထုတ်ကုန်များသည် လျင်မြန်စွာ တိုးတက်လာသောကြောင့် ကွန်ပျူတာများ၊ လက်ကိုင်ဖုန်းများကို စွန့်ပစ်လာခဲ့ကြသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဆိုးရွားစွာ ဖြစ်ပေါ်စေခဲ့သည်။

ကွန်ပျူတာတစ်စုံတွင် ဓာတုဗေဒဆိုင်ရာ ပစ္စည်းအမျိုးပေါင်း၇၀၀ ကျော် ပါဝင်သည်ဟု စာရင်းများတွင် ပြဆိုထားသည်။ ထို့ကြောင့် လူများကို ဘေးဥပဒ်ဖြစ်စေနိုင်မှုသည် ၅၀ရာခိုင်နှုန်းကျော်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွားမှု ဒဗလျူအိတ်ချ်အိုမှ အတည်ပြုပြောကြား

ဂျကာတာ မေ ၁၉

အင်ဒိုနီးရှားနိုင်ငံတွင် လူခြောက်ဦး ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က မေ ၁၇ရက်၌ အတည်ပြုပြောကြားသည်။

မိသားစု တစ်ခုအတွင်းမှာပင် ငါးဦးတွင် ဖြစ်ပွားခဲ့သဖြင့် လူလူချင်း ကူးစက်မှာကို စိုးရိမ်နေခဲ့ရသည်။ ဒဗလျူအိတ်ချ်အိုက လူခြောက်ဦးတွင် ဖြစ်ပွားနေကြောင်း အတည်ပြုထားသူများမှာ ဆူရာဘာရာဒေသမှ တစ်ဦးနှင့် မီဒမ်ဒေသမှ ငါးဦး ဖြစ်သည်။ မီဒမ်ဒေသမှ တစ်ဦးသည် ယခုတိုင် အသက်ရှင်ဆဲဖြစ် သည်ဟု အင်ဒိုနီးရှားနိုင်ငံ ဒဗလျူအိတ်ချ်အိုမှ ပြောရေး ဆိုခွင့်ရှိသူ ဆာရီက ပြောကြားသည်။ သွေးနမူနာများကို အတည်ပြုဆုံးဖြတ်နိုင်ရန်အတွက် ဟောင်ကောင်ရှိ ဒဗလျူအိတ်ချ်အို၏ ဓာတ်ခွဲခန်းသို့ ပို့ဆောင်ပေးခဲ့သည်။

မြောက်ပိုင်း ဆူမာတြားပြည်နယ် မီဒမ်ဒေသရှိ မိသားစုတစ်စုထဲတွင် ကူးစက်ဖြစ်ပွားနေခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေးအေဂျင်စီများကို စိုးရိမ်မှုဖြစ်ပေါ်စေခဲ့သည်။ သို့သော် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယင်းကူးစက်မှုသည် လူလူချင်း ကူးစက်မှု မဟုတ်ကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

မတွေ့ရှိ

ယင်းကူးစက်ပျံ့နှံ့မှုသည် မွေးမြူရေးခြံ သို့မဟုတ် တစ်ခြားတိရစ္ဆာန်များမှ ကူးစက်ခြင်းဖြစ်ပြီး လူလူချင်း ကူးစက်သည့် သက်သေအထောက်အထားများ မတွေ့ရှိရကြောင်း ရောဂါထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

သွေးနမူနာစစ်ဆေး

ကြက်ငှက်တုပ်ကွေး သံသယရှိသူ တစ်ဦးအား သွေးနမူနာများ စစ်ဆေးပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ယူအေအီးသံတမန်တစ်ဦး ဘဂ္ဂဒက်၌ ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် မေ ၁၉

အာရပ်သံတမန်တစ်ဦး၏ ဆူဒန်အမျိုးသား ယာဉ်မောင်းတစ်ဦးမှာ သေနတ်သမားများအား အာရပ်သံတမန်ကို ဖမ်းဆီးမခေါ်ဆောင်ရန် ဟန့်တားစဉ် ဘဂ္ဂဒက်၌ ပစ်သတ်ခံလိုက်ရကြောင်း ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)သံတမန် နာဂျီအယ်နိုအာမီမှာ အင်္ဂါနေ့ညနေက သံရုံးမှ လုပ်ဖော်ကိုင်ဖက်တစ်ဦးထံ အလုပ်သွားစဉ် ပြန်ပေးဆွဲခံရပြီးနောက် ယခုတိုင် ပျောက်ဆုံးနေသည်ဟုဆို၏။

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်နှင့် အပေါင်းပါများ အီရတ်ကို ကျူးကျော်ပြီးနောက် အာရပ်သံတမန်များနှင့် သံရုံးအလုပ်သမားများ အပါအဝင် နိုင်ငံခြားသား ၂၀၀ကျော်နှင့် ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများ ပြန်ပေးဆွဲခံရသည်။

အမ်အင်အေ၊ရိုက်တာ

ဗီယက်နမ် တံငါသည် ၉၉ဦး မုန်တိုင်းမိပြီး ပျောက်ဆုံးနေ

ဟန္နိုင်း မေ ၁၉

ယခုလအတွင်းတွင် တောင်တရုတ်ပင်လယ်၌ အပြင်းထန်ဆုံး ချန်ချူးတိုက်ဖုန်းမုန်တိုင်းကြောင့် ဗီယက်နမ်တံငါသည် ၉၉ဦး ပျောက်ဆုံးနေကြောင်း ဗီယက်နမ်အစိုးရ အသံလွှင့်ဌာနက ကြာသပတေးနေ့၌ ကြေညာသည်။

အဆိုပါမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် လူ၃၇ဦး သေဆုံးခဲ့ရသည်။ ငါးဖမ်းသင်္ဘော ၁၁စင်းဖြင့် ငါးဖမ်းနေသည့် အဆိုပါ ဗီယက်နမ်တံငါသည်များမှာ ဟိုင်နန်ကျွန်းတောင်ဘက် ရေမိုင်၁၆၀ အရောက်တွင် ဗုဒ္ဓဟူးနေ့နံနက်က အဆက်အသွယ်ပြတ်သွားခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ပြဿနာ အိမ်နီးချင်းနိုင်ငံများ ကူညီဖြေရှင်းသင့် ဆူဒန်နိုင်ငံခြားရေးဝန်ကြီးပြောကြား

မော်စကို မေ ၁၉

အီရတ်နိုင်ငံ ရင်ဆိုင်နေရသည့် ပြဿနာများမှာ အိမ်နီးချင်းနိုင်ငံများကိုပါ ရိုက်ခတ်လာသည့် အခြေအနေကြောင့် အီရတ်ပြဿနာများကို အိမ်နီးချင်းနိုင်ငံများက ကူညီဖြေရှင်းပေးသင့်ကြောင်းဖြင့် ဆူဒန်နိုင်ငံခြားရေးဝန်ကြီး လမ်အကောလ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဆူဒန် နိုင်ငံခြားရေးဝန်ကြီး အကောလ်က ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်နှင့် တွေ့ဆုံအပြီးတွင် အထက်ပါအတိုင်း ပြောကြားလိုက်သည်ဟု အီတာတာ့သတင်းဌာနက ကြေညာသည်။

ကိုင်တွယ်နေ

အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် ယင်းပြဿနာဖြေရှင်းရေးတွင် ပါဝင်ဆောင်ရွက်သင့်ကြောင်း၊ ယခုအချိန်အထိ အီရတ်၏ အနာဂတ်ရေးနှင့် သက်ဆိုင်သည့် ပြဿနာအားလုံးကို အမေရိကန်နိုင်ငံကသာ ကိုင်တွယ်နေခြင်းဖြစ်ကြောင်း ဆူဒန်နိုင်ငံခြားရေးဝန်ကြီး အကောလ်က ပြောကြားသည်။

မျှော်လင့်

အီရတ် အစိုးရသစ်အနေဖြင့် တိုင်းပြည်၏ အကျိုးစီးပွားများကို ဖြည့်ဆည်း ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု မိမိတို့မျှော်လင့်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အီရတ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသည့် နူရီအယ်မာလီကီသည် သူ့အစိုးရအဖွဲ့သစ် အမည်စာရင်းကို ပါလီမန်က အတည်ပြုပေးရန် စနေနေ့တွင် တင်သွင်းမည်ဖြစ်သည်ဟုဆို၏။ **အမ်အင်အေ၊ဆင်ဟွာ**

ဆူဒန်နိုင်ငံခြားရေးဝန်ကြီး လမ်အကောလ်

သရုပ်ဆောင် ပရစ်တီဇင်တာ

ပြင်သစ်နိုင်ငံ၏ (၅၉)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသော အိန္ဒိယနာမည်ကျော် ဘောလီးဝုဒ် ရုပ်ရှင်သရုပ်ဆောင် ပရစ်တီဇင်တာအား မေ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဂိုလာနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွား သုံးလအတွင်း လူ ၁၂၀၀ ကျော် သေဆုံး

လူအန်ဒါ မေ ၁၉

အင်ဂိုလာနိုင်ငံ၌ ကာလဝမ်းရောဂါ ကူးစက်ပြန့်ပွားသဖြင့် သုံးလအတွင်း လူပေါင်း ၁၂၀၀ကျော် သေဆုံးခဲ့သည်။ ယင်းမှာ အင်ဂိုလာ၌ အဆိုးရွားဆုံး ကာလဝမ်းရောဂါဖြစ်ပွားခြင်း ဖြစ်သည်ဆို၏။ (အပေါ်ပုံ)

ဖြစ်ပွား

အင်ဂိုလာနိုင်ငံတွင် လူပေါင်း ၃၅၀၀၀ခန့် ဝမ်းရောဂါဖြစ်ပွားသည်တွင် ထက်ဝက်ခန့်မှာ လူအန်ဒါမြို့တော်၌ ဖြစ်ပွားခြင်းဖြစ်သည်ဟုလည်း နယ်စည်းမခြား ဆေးဝါးအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)တို့က ကြေညာသည်။

ကာလဝမ်းရောဂါမှာ ဖေဖော်ဝါရီလအတွင်းက လူအန်ဒါမြို့တော် ဆင်ခြေဖုံးတွင် စတင်ဖြစ်ပွားသည်ကို တွေ့ရသည်ဆို၏။

သေဆုံး

အင်ဂိုလာနိုင်ငံ၏ စီးပွားရေးမှာ ရေနံကြောင့် တိုးတက်မှုနှုန်း ၂၀ရာခိုင်နှုန်းရှိသော်လည်း လူနေထူထပ်သော မြို့ဆင်ခြေဖုံးရပ်ကွက်များတွင် ရေနှင့် မိလ္လာစနစ် မနိုင်မနင်းဖြစ်ကာ အားနည်းချက်ရှိသည်။ အင်ဂိုလာနိုင်ငံ ပြည်နယ် ၁၈ခုအနက် ၁၁ ပြည်နယ်တွင် ဝမ်းရောဂါ ဖြစ်ပွားသည်။ ရောဂါဖြစ်ပွားသည့် ပြည်သူအများအပြားမှာ နေအိမ်အတွင်း အောင်းနေပြီး ကုသရေးစခန်းသို့ လာခွင့်မရမီ နေအိမ်၌ပင် သေဆုံးကုန်ကြောင်း နယ်စည်းမခြား ဆေးဝါးအဖွဲ့မှ ရစ်ချက်ဗားမင်းက ပြောကြားသည်။ **(အင်တာနက်)**

ပထမအကြိမ် ဥရောပနှင့်ဗဟိုအာရှ အေ့စ်ရောဂါတိုက်ဖျက်ရေးညီလာခံ ရုရှားနိုင်ငံ မော်စကိုမြို့တော်၌ကျင်းပ

မော်စကို မေ ၁၉

ရုရှားနိုင်ငံ မော်စကိုမြို့တော်၌ ကျင်းပသည့် ပထမအကြိမ်ဥရောပနှင့် ဗဟိုအာရှအေ့စ်ရောဂါ တိုက်ဖျက်ရေး ညီလာခံသို့ ရာပေါင်းများစွာသော တက်ကြွလှုပ်ရှားသူများ၊ အရာရှိများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ကမ္ဘာပေါ်တွင် အိပ်ချ်အိုင်ဗွီ ကူးစက်မှုနှုန်း အမြင့်ဆုံးဒေသတစ်ခု ဖြစ်သည့် ယင်းဒေသအတွင်း အေ့စ်ရောဂါကို မည်သို့တိုက်ဖျက်မည်ဟူသော နည်းလမ်းရှာကြံရန် တိုက်တွန်းလိုက်သည်။

အရှေ့ဥရောပနှင့် ဗဟိုအာရှဒေသ၌ ပြီးခဲ့သည့်နှစ်ကုန်က အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၁ ဒသမ ၆ သန်းရှိကြောင်း ကုလသမဂ္ဂကကြေညာသည်။

အဆိုပါ အရေအတွက်မှာ ဆယ်နှစ်အတွင်း ဆယ်ဆတိုးလာခြင်း ဖြစ်သည်။

အိပ်ချ်အိုင်ဗွီ ကူးစက်သူ ၇၅ ရာခိုင်နှုန်းမှာ အသက် ၃၀ အောက်ရှိသူများဖြစ်သည်။ ယူကရိန်းနှင့် ရုရှားမှာ ဒေသအတွင်း ကူးစက်မှုအမြန်ဆုံးနိုင်ငံများ ဖြစ်သည်။

ဤနှစ်နိုင်ငံစလုံးမှ အခြေအနေက အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်(အေ့စ်) ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို အကြီးအကျယ် စိန်ခေါ်နေခြင်းဖြစ်သည်ဟုလည်း ကုလသမဂ္ဂက ကြေညာသည်။

ထိုဒေသများအတွင်း အိပ်ချ်အိုင်ဗွီကူးစက်မှု မြန်ဆန်ခြင်းမှာ အစပထမတွင် မူးယစ်ဆေးဝါးများကို ဆေးထိုးအပ်ဖြင့် ထိုးသွင်းခြင်းကြောင့်ဖြစ်ကြောင်း၊ သို့သော် ယခုအခါတွင် လိင်မတူ ကာမဆက်ဆံခြင်းကြောင့်လည်း အကြောင်းရင်းတစ်ခု ပါဝင်လာကြောင်း ကုလသမဂ္ဂတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ပီတာပိုင်းယော့က ပြောကြားသည်။ **(အင်တာနက်)**

မော်စကိုမြို့ရှိ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးပိုစတာ။

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၂၄၄၂ ဦးရှိလာ

ဘဂ္ဂဒက် မေ ၁၉

ဘဂ္ဂဒက်မြို့တော် တောင်ဘက်၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ခြေကျင်ကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အင်္ဂါနေ့ကသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဖော်ပြ

နိုင်ငံစုံတပ်မမှ အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်မှာ အင်္ဂါနေ့ နံနက် ၇ နာရီခွဲတွင် ဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးသွားခြင်းဖြစ်သည်ဟု ကြေညာချက်၌ ဖော်ပြပါရှိသည်။

ကျူးကျော်

အမေရိကန်နှင့် အပေါင်းပါတပ်များ ၂၀၀၃ခုနှစ် မတ်လတွင် အီရတ်ကို ကျူးကျော်ပြီးနောက် အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အနည်းဆုံး ၂၄၄၂ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ



မိခင်မေတ္တာ

အမေရိကန်နိုင်ငံ စင်စင်နာတီ တိရစ္ဆာန်ရုံ၌ ကြိုးကြာနီသားအမိအား မေ ၁၆ ရက်က တွေ့ရစဉ်။ (အပေါ်ပုံ) **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မော်တော်ဆိုင်ကယ်ပေါ်၌ အကြာဆုံးစွမ်းရည်ပြသူ

လေထဲတွင် မော်တော်ဆိုင်ကယ်စီးရင်း စွမ်းရည်ပြနေသူတစ်ဦးကို တွေ့ရစဉ်။ (အောက်ပုံ)

အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့ရှိ ကာဆာစ်ပဲလေ့စ်အဆောက်အအုံအပေါ် ဆိုင်ကယ်စီးရင်း လေထဲတွင် အချိန်အကြာဆုံး စွမ်းရည်အမျိုးမျိုးပြသနိုင်သူအဖြစ် မိုက်မက်ဖ်ဂါက ဂင်းနက်စ်စံချိန်တင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အောင်မြင်ကျော်ကြား တောင်ကိုရီးယားလူငယ် ကြယ်ပွင့်များ

စုစည်းတင်ဆက်သူ – မောင်မောင်မြင့်ဆွေ

ယနေ့ကမ္ဘာ့နိုင်ငံ အသီးသီးတွင် လူငယ်များအနေဖြင့် အားကစား၊ အနုပညာနှင့် စာပေစသည့် နယ်ပယ်ကဏ္ဍ အသီးသီး ထူးထူးချွန်ချွန်အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်လျက်ရှိကြရာ မြန်မာပရိသတ်များ စိတ်ဝင်စားလျက်ရှိသည့် တောင်ကိုရီးယား သရုပ်ဆောင်များ၊ အဆိုတော်များနှင့် အားကစားထူးချွန်မှုရှိသည့် လူငယ်များအား ဖော်ပြလိုက်ပါသည်။

သရုပ်ဆောင်ကြယ်ပွင့်များ

တောင်ကိုရီးယား လူငယ်ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သည့် စီဝမ်



တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ဆူဘင်။
(ဓာတ်ပုံ–အင်တာနက်)

(ခေါ်) ဆူဘင်သည် ၁၉၇၂ ခုနှစ် အောက်တိုဘာ ၆ရက်၌ မွေးဖွားသူဖြစ်ရာ အသက် ၃၄နှစ်ရှိပြီဖြစ်သည်။ အသက် ၂၂နှစ် အရွယ်မှ စတင်ကာ သရုပ်ဆောင် လောကကိုစတင် ဝင်ရောက်ခဲ့ပြီး “Information” ဇာတ်လမ်းတွဲ၌ စတင်ပါဝင်ခဲ့သည်။ ဆူဘင်သည် အရပ် စင်တီမီတာ၁၈၀မြင့်ပြီး ကိုယ်အလေးချိန် ကီလိုဂရမ်၇၀ရှိကာ ရေကူးခြင်း၊ တေးသီချင်းနားထောင်ခြင်း၊ တင်းနစ်ကစားခြင်းတို့ကို ဝါသနာထုံသူဖြစ်သည်။ ရုပ်ရှင်သရုပ်ဆောင်သက်တမ်း ၁၂နှစ်ကျော်ရှိပြီဖြစ်ရာ တောင်ကိုရီးယားနိုင်ငံတွင်မက ဥရောပနှင့် အနောက်နိုင်ငံများ၊ အာရှနိုင်ငံ အများအပြား၌ ဆူဘင်၏ သရုပ်ဆောင်မှုကို နှစ်သက်သဘောကျသည့် ပရိသတ်များစွာရှိကြောင်း သိရသည်။

ထို့အတူ တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ဂျွန်ဂျေယန်သည်လည်း တောင်ကိုရီးယားပရိသတ်များကြိုက်နှစ်သက်မှုပင်မက အာရှနှင့် ဥရောပ နိုင်ငံများကလည်း နှစ်ခြိုက်အားပေးသူဖြစ်သည်။ တောင်ကိုရီးယား ထိပ်တန်းရုပ်ရှင်သရုပ်ဆောင် အမျိုးသမီး ၁၀ ဦးစာရင်းတွင် ပါဝင်ပြီး အောင်မြင်မှု ရရှိနေသူ တစ်ဦးဖြစ်သည်။ ဂျွန်ဂျေယန်သည် ၁၉၈၁ ခုနှစ် အောက်တိုဘာ ၂၀ရက်က

တောင်ကိုရီးယား ရုပ်ရှင်ကြယ်ပွင့် ဂျွန်ဂျေယန်။
(ဓာတ်ပုံ–အင်တာနက်)

မွေးဖွားသူ ဖြစ်ပြီး အသက်၂၅ နှစ် ရှိသူဖြစ်သည်။ ၁၉၉၇ ခုနှစ်က အမျိုးသမီး မဂ္ဂဇင်းအတွက် ကိုယ်ဟန်ပြမယ်အဖြစ် ပါဝင်ခဲ့ရာမှ ရုပ်ရှင်လောကသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုတော် ကြယ်ပွင့်များ

တောင်ကိုရီးယား အဆိုတော် ဘီ (ခ)ရိန်းသည် ၁၉၈၂ ခုနှစ် ဇွန် ၂၅ ရက်တွင် မွေးဖွားသူဖြစ်သည်။ အရပ် ၁၈၄ စင်တီမီတာနှင့် ကိုယ်အလေးချိန် ၇၄ကီလိုဂရမ်ရှိပြီး ၂၀၀၂ ခုနှစ်မှ စတင်ကာ တစ်ရှိန်ထိုး အောင်မြင်လာသူဖြစ်သည်။ ကမ္ဘာ့နာမည်ကြီး



တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော် ရိန်း။
(ဓာတ်ပုံ–အင်တာနက်)

အဆိုတော် ၁၀ဦးတွင် ပါဝင်ပြီး သူ၏ ထူးခြားသော သီချင်းသီဆိုမှုနှင့် အကများကြောင့် ကမ္ဘာ့လူငယ် ပရိသတ်များ နှစ်သက် သဘောကျခြင်းခံရသူဖြစ်သည်။ ရိန်းသည် ရုပ်ရှင် သရုပ်ဆောင်တစ်ဦးလည်းဖြစ်ရာ ရုပ်ရှင်နှင့် အဆိုနှစ်ကဏ္ဍစလုံးတွင် ထူးချွန်အောင်မြင်သူ ဖြစ်သည်။

ငယ်ငယ်ရွယ်ရွယ်နှင့် အဆိုတော်လိုင်းတွင် အောင်မြင်သူ အမျိုးသမီးငယ်တစ်ဦးမှာ ဘိုရာ ဖြစ်သည်။ ခေတ်သီချင်းများဖြစ်သောဟစ်ဟော့ပ်၊ အင်္ဂလိပ်နှင့် ဂျပန်စကားပြော သီချင်းများကို ပရိသတ်နှစ်ခြိုက်အောင် သီဆိုဖျော်ဖြေနိုင်သူ တစ်ဦးဖြစ်သည်။

ဘိုရာ၏ တေးစီးရီးများမှာ ယခုအခါ အာရှ၌ အရောင်းရဆုံး စာရင်းတွင် ပါဝင်လျက်ရှိရာ အသက် ၂၀ အရွယ်မှာပင် အောင်မြင်ကျော်ကြားနေသူ ဖြစ်သည်။ ဘိုရာသည် ၁၉၈၆



တောင်ကိုရီး ယား ဘောလုံး အသင်း တိုက် စစ်မှူးလီယောင် ပျို။
(ဓာတ်ပုံ– အင်တာနက်)

ခုနှစ် နိုဝင်ဘာလ ၅ရက်တွင် မွေးဖွားသူဖြစ်ပြီး အရပ် စင်တီမီတာ၁၆၀နှင့် ကိုယ်အလေးချိန် ၄၂ကီလိုဂရမ်ရှိသူဖြစ်သည်။ အင်္ဂလိပ်သီချင်းများကို နားထောင်ခြင်း၊ ရုပ်ရှင်ဇာတ်လမ်းများ ကြည့်ရှုခြင်းတို့ကို နှစ်သက်သူဖြစ်သည်။

အားကစားကြယ်ပွင့်များ

တောင်ကိုရီးယား အားကစား၌ နာမည်ကျော်ကြားမှု အရှိဆုံးမှာ ပက်ဂျီဆန် ဖြစ်သည်။ ပက်ဂျီဆန်ကို ၁၉၈၁ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်၌ မွေးဖွားခဲ့ပြီး အရပ်မှာ ၁၇၆စင်တီမီတာရှိသည်။ ကိုယ်အလေးချိန်မှာ ကီလိုဂရမ် ၇၀ရှိရာ အရပ်အမောင်းနှင့် ကိုယ်အလေးချိန်အားနည်းသော်လည်း ဘောလုံးကစားရာတွင် လျင်မြန်မှု၊ ကျွမ်းကျင်မှုတို့ကြောင့် ဟော်လန်ကလပ်အသင်းမှ နာမည်ကြီးမန်ယူအသင်းသို့ ပြောင်းရွှေ့ကစားနေသူဖြစ်သည်။ မန်ယူအတွက် အရေးပါသော အားကစားသမား တစ်ဦးဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ လက်ရွေးစင်အသင်းအတွက် အားထားရသည့် ဘောလုံးသမားတစ်ဦး ဖြစ်သည်။

တောင်ကိုရီးယား ဘောလုံးအသင်း အလယ်တန်းကစားသမား ပက်ဂျီဆန်။
(ဓာတ်ပုံ–အင်တာနက်)

နောက်တစ်ဦးမှာ တောင်ကိုရီးယား လက်ရွေးစင်အသင်းမှ တိုက်စစ်မှူး လီယောင်ပျိုဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ခြေစွမ်းပြခဲ့ပြီး တောင်ကိုရီးယားအသင်းကို ကမ္ဘာ့ဖလားအဆင့်၌ ဂုဏ်မြင့်အောင် တင်ပေးနိုင်ခဲ့သူ ဖြစ်သည်။ တောင်ကိုရီးယားပြည်သူတို့၏ အချစ်တော်ဖြစ်သော လီယောင်ပျိုသည် ၁၉၇၇ခုနှစ် ဧပြီ ၂၃ရက်တွင် မွေးဖွားခဲ့သူဖြစ်ပြီး အရပ် ၁၇၆စင်တီ



တောင်ကိုရီးယား တက်သစ် အဆိုတော် ဘိုရာ။
(ဓာတ်ပုံ–အင်တာနက်)

မီတာမြင့်ကာ ကိုယ်အလေးချိန် ၆၆ ကီလိုဂရမ်ရှိသည်။ ယခု ၂၀၀၆ ကမ္ဘာ့ဖလားတွင် လီယောင်ပျိုနှင့်ပက်ဂျီဆန်တို့၏ တိုင်းပြည်အတွက် စွမ်းဆောင်မှုများကို ကိုရီးယားပြည်သူတို့ စောင့်စားကြည့်ရှုကြရမည်ဖြစ်သည်။ ။

(ကိုးကား– အင်တာနက်)

အစားအစာနှင့် ကိုယ်လက်လှုပ်ရှားမှုသည် ပါကင်ဆန်ရောဂါဖြစ်ပွားမှုကို ဟန့်တားနိုင်

အသက်အရွယ်ရလာသူများတွင် ဖြစ်တတ်သော ပါကင်ဆန်ရောဂါသည် ဆေးဝါးကုသမှုတစ်ခုတည်းကိုသာ အားမကိုးဘဲ အစားအစာနှင့် လေ့ကျင့်ခန်းများကိုလည်း ပူးတွဲပြုလုပ်ပေးပါက ရောဂါဖြစ်ပွားမှုမှ လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း အမေရိကန်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။

ထိရောက်သော အကျိုးကျေးဇူး

ပါကင်ဆန်ရောဂါအတွက် ဆေးဝါးအသစ်များပေါ်ထွက်နေပြီး ထိရောက်သော အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်သော်လည်း အစားအစာနှင့် နေထိုင်လှုပ်ရှားမှုတို့သည်လည်း အရေးကြီးကြောင်း ၎င်းတို့က ပြောကြားသည်။

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်း

ယခုအခါ ပါကင်ဆန်ရောဂါဖြစ်စလူများကို ဆေးဝါးကုထုံးအသစ်များဖြင့် ကုသပေးပါက သက်သာသွားသော်လည်း လုံးဝပျောက်ကင်းရန်အတွက် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်းနှင့် အစားအစာရွေးချယ်စားသောက်ခြင်းတို့ပါ ပူးတွဲပြုလုပ်သင့်သည်ဟု ပါကင်ဆန်ဆေးကုသမှုနှင့် သုတေသနပြုမှုဆိုင်ရာ ညွှန်ကြားရေးမှူး စတီဗင်ဂယ်ဆင်က ပြောကြားသည်။

ပုံမှန်လှုပ်ရှားမှု

ယခုအသစ်ဖော်ထုတ်ထားသောဆေးဝါးများသည် ကိုယ်ခန္ဓာအတွင်း သွေးလည်ပတ်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးပြီး သွေးခဲမှုနှင့် သွေးပုံမှန်လည်ပတ်နိုင်အောင် ပြုလုပ်ပေးနိုင်သော်လည်း ကိုယ်ခန္ဓာအတွင်းနှင့် ခြေလက်များရှိ အကြောများ အားကောင်းသန်မာကာ ပုံမှန်အတိုင်းဖြစ်စေရန် ပုံမှန်လှုပ်ရှားမှုနှင့် ကိုယ်လက်လေ့ကျင့်ခန်းများကို အမြဲပြုလုပ်သင့်သည်ဟု ဆိုသည်။

ပါကင်ဆန်ရောဂါအပြင် သွေးတိုးဝေဒနာရှင်များသည်လည်း ဆေးဝါးသောက်သုံးမှုများအပြင် ရုတ်တရက် သွေးတိုးပြီး လေမဖြတ်ရန်နှင့် ကြီးမားသောဆိုးကျိုးများမဖြစ်ပေါ်စေရန် ပုံမှန်ကိုယ်လက်လေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်သင့်သည်ဟု ကျွမ်းကျင်သူများက ပြောကြားကြသည်။ **(ကိုးကား–အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး ခရီးသည်လေယာဉ်ကြီး ဟီးသရိုးလေဆိပ်၌ စမ်းသပ်ဆင်းသက်

ကမ္ဘာ့အကြီးဆုံး ခရီးသည် လေယာဉ်ကြီးဖြစ်သည့် အဲဘတ်စ် A-380 လေယာဉ်ကြီးသည် လန်ဒန်မြို့ ဟီးသရိုးလေဆိပ်၌ မေ၁၈ရက်က ပထမဆုံးအကြိမ်အဖြစ် ဆင်းသက်ခဲ့သည်။ **(ယာအောက်ပုံ)**

အဆိုပါကမ္ဘာ့အကြီးဆုံး လေယာဉ်ကြီးသည် ဘာလင်မြို့မှ ပျံသန်းလာပြီးနောက် ယူကေတွင် ပထမဆုံး အကြိမ် ဆင်းသက်ခဲ့ကာ လေဆိပ်တွင် မဆင်းမီက ၎င်း၏ တောင်ပံများနှင့် လေယာဉ်ပုံစံကို ထုတ်လုပ်ပေးခဲ့သော ယူအေအဲဘတ်စ် စက်ရုံများအပေါ် ဝဲပျံခဲ့သည်ဟု ဆိုသည်။

အစမ်းပျံသန်း

ထိုသို့ ပျံဝဲလာစဉ် လေယာဉ်ကြီး၏ တောင်ပံများနှင့် ပုံစံကိုထုတ်လုပ်ပေးခဲ့သော အဲဘတ်စ်ဝန်ထမ်းများက ဘရစ်စတော၌ ကောင်းချီးသြဘာများပေးခဲ့ကြသည်။ ယင်းလေယာဉ်ပျံကြီးသည် ထိုင်ခုံပေါင်း ၅၅၅ခုံပါဝင်ပြီး မေ ၁၉ရက်တွင် စတင်ပျံသန်းပြေးဆွဲခြင်း မပြုမီ မေ ၁၈ရက်က ၎င်း၏ လေဆိပ်များသို့ အစမ်းပျံသန်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ အချိန်အခါသမယသည် လေကြောင်းသမိုင်းတွင် ကမ္ဗည်းမော်ကွန်းတင်ရမည့်နေ့တစ်နေ့ဖြစ်ကြောင်း ဟီးသရိုးလေဆိပ် ဒါရိုက်တာ တိုနီဒေါက်ကလပ်က ပြောကြားသည်။

အဆိုပါ လေယာဉ်ကြီးသည် ယခုနှစ်ကုန်ပိုင်းတွင် စီးပွားရေးအရ ပျံသန်းပြေးဆွဲခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

(ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

● ရှေ့ဖုံးမှ

(ကခ) ဒုတိယနှစ်မှ ပဉ္စမနှစ်အထိ စိုက်ခင်းများအတွက်

၁။ ၈ ပေလိုင်း အပြောင်ရှင်းခြင်း– ၈ပေလိုင်းအတွင်း အမြစ်ပါမကျန် အပြောင်ရှင်းရန်။
၂။ မြေဩဇာကျွေးခြင်း–သတ်မှတ်မြေဩဇာကို အပင်ပတ်လည် ပေါင်းမြက်အပြောင်ရှင်းထားသော မြေကွက်တွင် ဆီလက်များအပြင်ဘက် ၁ ပေ အကွာအဝေးထိ ညီညာစွာ ကြဲပက်ရန်။ (ဗွန်လဆန်းတွင် တစ်ကြိမ်၊ စက်တင်ဘာလတွင် တစ်ကြိမ်)
၃။ ဘီးစပ်ပင်နှင့် အိုးပုတ်ပင်နုတ်ခြင်း–အမြစ်ပါအောင်နုတ်၍ သစ်ငုတ်ပေါ်ပုံထားရန်။

(ခ) အကြိုပျိုးခင်းနှင့် ပျိုးခင်းကြီးလုပ်ငန်းများ(၂၀၀၆ ခုနှစ် မိုးရာသီစိုက်ခင်းအတွက်)

၁။ အစိုပေါက်မျိုးစေ့စိုက်ပျိုးခြင်း
၂။ အကြိုပျိုးခင်းရေလောင်းခြင်း
၃။ အဆင့်မမီသော ပျိုးပင်များပယ်ခြင်း
၄။ ရေရရှိရေးဆောင်ရွက်ခြင်း

(ဂ) ၂၀၀၁ ခုနှစ် မိုးရာသီစိုက်ခင်းအတွက် လုပ်ငန်းများ

အပင်စိုက်ပျိုးခြင်း–ဗွန်လဆန်းမှ ဗွန် ၂၀ အတွင်း အပြီးစိုက်ရန်
၁။ ပျိုးပင်မြေလုံးအရွယ်နှင့် ချင့်ချိန်၍ စိုက်ကျင်း အတိမ်အနက် ပြုပြင်ပေးပါ။
၂။ ဝါးထက်ထက်ဖြင့် ပျိုးပင်အမြစ်များ မထိခိုက်စေဘဲ ပျိုးအိတ်များကို ခွဲဖြတ်ပြီး ပျိုးပင်မြေလုံးအပေါ် မျက်နှာပြင်နှင့်စိုက်ကျင်းအပေါ်ဆုံးမျက်နှာပြင် ညီအောင်ထားပြီး စိုက်ပါ။
၃။ ပျိုးပင်မြေလုံး မပျက်စေရန် အထူးသတိပြုရန်။
၄။ အပေါ်ယံမြေသားဖို့ကာ ပျိုးပင်မြေလုံးကို မထိစေဘဲ ပတ်ပတ်လည်မြေအား နင်းသိပ်ပေးပါ၊ ၁၅ ရက်ကြာလျှင် မြေကို ထပ်မံနင်းသိပ်ပြုပြင်ပေးပါ။
၅။ ကြားသီးနှံစိုက်ပျိုးခြင်း–ဆီအုန်းစိုက်ခင်းများအတွင်း ဝန်ထမ်းသုံးဦးလျှင် စပါးတစ်ဧကနှုန်း စိုက်ပျိုးသွားရန်။

မှတ်ချက်။ ။ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးရာသီစိုက်ခင်းအတွက် မျိုးစေ့မှာယူစုဆောင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်။ ယခင်နှစ်စိုက်ခင်းများမှ သေပင်နေရာများတွင် အပင်ပါအစားထိုးစိုက်ပျိုးခြင်းများ အပြီးလုပ်ဆောင်ရန်။

* ရှေ့ဖုံးမှ

ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် လက်ရှိဆောင်ရွက်နေသော အခြေအနေများကို ဆီအုန်းလုပ်ငန်းရှင်များ၊ ဆီအုန်းစိုက်တောင်သူများအား သတင်းပြန်ကြားပေးရန်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့က ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းသို့ သွားရောက်မေးမြန်းခဲ့သည်။

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ဆီအုန်းစိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေရမည်ဟူသော ဆောင်ပုဒ်ဖြင့် ဆီအုန်းကို တိုးချဲ့စိုက်ပျိုးနေကြောင်းမြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်ဝင်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

သားစဉ်မြေးဆက်

နှစ်ရှည်ပင်များစိုက်ပျိုးမှုမှာသားစဉ်မြေးဆက်ပိုင်ဆိုင်ခွင့်ရှိပြီး ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားငွေကို နိုင်ငံတော်အတွက်သာမက စိုက်ပျိုးထုတ်လုပ်သူအတွက်ပါ ရရှိစေနိုင်ကြောင်း၊ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးအတွက် မြေသယံဇာတပေါများသောနိုင်ငံဖြစ်၍ နိုင်ငံတော်အတွင်း တိုးချဲ့စိုက်ပျိုးနိုင်သော မြေဧက သန်းပေါင်းများစွာ ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စိုက်ဧကတိုးတက်လာ

မြန်မာနိုင်ငံအနေဖြင့် ဆီအုန်းစိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးခဲ့ရာ စိုက်ပျိုးဧကများ တိုးတက်လာမှုကို အောက်ပါဇယားအတိုင်း တွေ့ရသည်–

စဉ်	ခုနှစ်	ဆီအုန်း(ဧက)
၁။	၁၉၉၈–၉၉	၂၄၈၉၄
၂။	၂၀၀၀–၀၁	၄၇၁၉၉
၃။	၂၀၀၂–၀၃	၈၈၈၅၆
၄။	၂၀၀၃–၀၄	၁၁၄၁၄၆
၅။	၂၀၀၄–၀၅	၁၃၃၃၄၇

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းသည် ဆီအုန်းကို မဟာစီမံကိန်းအရ ၂၀၃၀–၂၀၃၁ခုနှစ်အထိ အနှစ် ၃၀စီမံကိန်းချမှတ်၍ ဆီအုန်း စိုက်ဧက ၇၀၀၀၀၀ အထိ တိုးချဲ့ စိုက်ပျိုးသွားရန် ရည်မှန်းဆောင်ရွက်နေကြောင်း သိရသည်။

အထွက်နှုန်းကောင်း

ထိုသို့ စိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် ဆီအုန်းများ စံချိန်တင်ထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်မှာ အလွန်အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။

သို့ဖြစ်၍ အထွက်နှုန်းကောင်းဆီအုန်းမျိုးသန့်များကို ပြည်ပမှ မှာယူတင်သွင်း ဖြန့်ချိရောင်းချပေးနေသော စူပရင်းကုမ္ပဏီများ အုပ်စုတည်ရှိရာ အမှတ် ၈၇/၈၈ ဗဟိုစည်အိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့လည်း မြန်မာ့အလင်းသတင်းအဖွဲ့က စုံစေ့စွာ တင်ပြနိုင်ရန် သွားရောက်မေးမြန်းခဲ့ပါသေးသည်။

အထူးသင့်လျော်

ရှေးဦးစွာ အဆိုပါ ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်လေး က မိုးနည်းသည့် ဒေသများနှင့် အထူးကိုက်ညီသော မျိုးစပ်မျိုးသန့် D°x P°(Topi Deli x Yangambi) မျိုးမှာ မြန်မာနိုင်ငံ ရာသီဥတုနှင့်အထူးသင့်လျော်သော ဆီအုန်းမျိုးဖြစ်ကြောင်း၊ ယင်းမျိုးမှာ တစ်ဧကလျှင် ခုနစ်တန်ခွဲမှ ၁၀တန်အထိ ထွက်ရှိသည့် အထောက်ထားများရှိကြောင်း ၎င်းက ပြောကြားသည်။

ဆီအုန်း စိုက်ပျိုးလိုသူများအား ကုမ္ပဏီစိုက်ခင်းများတွင် အခမဲ့လေ့လာနိုင်ရန်စီစဉ်ထားသည့်အပြင် ပျိုးခင်းတည်ထောင်ခြင်း၊ ပြုစုခြင်း၊ စိုက်ပျိုးမှုနည်းစနစ်များကို အပြည့်အဝကူညီပေးလျက်ရှိကြောင်း ဦးမောင်မောင်လေးက ပြောကြားသည်။

အဆိုပါဆီအုန်းမျိုးသန့်ကိုဆီအုန်းစိုက်လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သလောက်မှာယူနိုင်ကြောင်းသိရသည်။ ယင်းဆီအုန်းမျိုးသည် ဆီအုန်းမျိုးစေ့ထုတ်လုပ်မှုဆိုင်ရာ ISO-9001 ဆုရရှိထားကြောင်းလည်းသိရသည်။

တိုးချဲ့စိုက်ပျိုး

ဆီအုန်းသည်တစ်ဧကအထွက်နှုန်းအများဆုံးသီးနှံလည်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆီအုန်းစိုက်ဧကများတိုးချဲ့နိုင်၍ မကြာမီပြည်ပသွင်းကုန်ဆီအုန်းများ တဖြည်းဖြည်း လျော့ကျသွားမည်ဖြစ်ကြောင်း၊ ဆီအုန်းကိုအနှစ်၃၀စီမံကိန်းချမှတ်ကာ စိုက်ဧကခုနစ်သိန်းအထိ တိုးချဲ့စိုက်ပျိုးသွားရန်ရှိကြောင်း စူပရင်းကုမ္ပဏီမှ ရရှိသောသတင်းအချက်အလက်များအရ သိရသည်။

မြန်မာနိုင်ငံ၌ ဆီအုန်းစိုက်ပျိုးရန် အကောင်းဆုံးဒေသမှာ တနင်္သာရီတိုင်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်က ဆီအုန်းစိုက်ကုမ္ပဏီ ၃၀ကျော်အား တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို မြေဧကများ ချပေးပြီး လုပ်ကိုင်စေလျက်ရှိသည်။ ပြည်တွင်းကုမ္ပဏီများက တာဝန်ယူလုပ်ကိုင်လာသဖြင့် ယခုအခါ ဆီအုန်းစိုက်ဧက တစ်သိန်းခွဲလောက်အထိ ရှိလာပြီဖြစ်ကြောင်း စူပရင်းကုမ္ပဏီမှပြောကြားသည်။

မျိုးစေ့ပို့ပေး

ယင်းကုမ္ပဏီမှအထွက်နှုန်းကောင်းဆီအုန်းမျိုးများ မှာယူစိုက်ပျိုးလိုပါက စိုက်ပျိုးသည့်ဒေသအရောက် မျိုးစေ့များကိုပို့ပေးပြီး ပျိုးခင်းများကိုလည်း ကျွမ်းကျင်ပညာရှင်ကြီးများက ကြည့်ရှုစစ်ဆေးပေးကြောင်း သိရသည်။

ဆီအုန်းသီးများကိုအပင်မှချက်ချင်းခူး၊ ချက်ချင်းဆီညှစ်ယူရကြောင်း ဗဟုသုတအဖြစ် လေ့လာသိရှိရသည်။ ချက်ချင်းဆီမညှစ်ယူနိုင်ပါက ဆီကြမ်းများ ဖြစ်လာ၍ ဆပ်ပြာခဲထုတ်လုပ်ရေးကုန်ကြမ်းဖြစ်သွားကြောင်းမှတ်သားသိရှိရသည်။

ရင်းနှီးမြှုပ်နှံမှု

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် စားသုံးဆီဖူလုံစေရန်အတွက်လည်းကောင်း၊ ပြည်ပသွင်းကုန် စားအုန်းဆီများ တဖြည်းဖြည်းချင်း လျှော့ချသွားကာ နိုင်ငံခြားငွေယိုပေါက်ကို ပိတ်နိုင်ရန်အတွက်လည်းကောင်း၊ သားစဉ်မြေးဆက်အကျိုးရှိပြီး မှန်ကန်သောစိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင်လည်းကောင်း ဆီအုန်းလုပ်ငန်းရှင်များ၊ ဆီအုန်းတစ်ပိုင်တစ်နိုင်စိုက်ပျိုးသောတောင်သူဦးကြီးများအနေဖြင့် ထွက်နှုန်းကောင်း မျိုးမှန် ပျိုးသန်ပြီး ရေရှည်အဖိုးတန်မည့် ဆီအုန်းမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

စူပရင်းကုမ္ပဏီမှ ဖြန့်ဖြူးရောင်းချပေးသည့် ဆီအုန်းမျိုးသန့် ဆီအုန်းသီးများကိုတွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

စူပရင်းကုမ္ပဏီမှ စိုက်ပျိုးထားသော ဆီအုန်းပင်များ ကြီးထွားအောင်မြင်နေသည်မှာ ရှုမငြီးစရာ။
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

စူပရင်းကုမ္ပဏီစိုက်ခင်းမှ ထွက်ရှိသည့် ဆီအုန်းမျိုးကောင်းမျိုးသန့် ဆီအုန်းပင်နှင့် ဆီအုန်းသီးခိုင်များကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

မင်္ဂလာဗျူဟာ
ဓမ္မစာပေသင်တန်း
ရန်ကုန် မေ ၁၉

ရွှေတိဂုံစေတီတော် အာဇာနည်လမ်း၊ မင်္ဂလာဗျူဟာအသင်းချုပ်၊ ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ မေ ၂၀ရက်(စနေနေ့) နံနက် ၈ နာရီတွင် (၂၇)ကြိမ်မြောက် အဘိဓမ္မာဝိုကာကျော် ဝိသုဒ္ဓိမဂ်သင်တန်းများကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ မွန်းတည့်၁၂နာရီတွင် (၁၈)ကြိမ်မြောက်Course on Buddha Desana အခြေခံ အလယ်တန်း၊ အထက်တန်းအဆင့် သင်တန်းများကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတွဲဖက်၍ အင်္ဂလိပ်စာအခြေခံတတ်သူတိုင်း သင်ကြားနိုင်သည်ဟု သိရသည်။ **(၃၅၂)**

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက် အထိ
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

✡ *ကျော်ဖုံးမှ*

အခြေအနေများကို လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက မြန်မာနိုင်ငံ၏ ငါးပုစွန်ထုတ်လုပ်မှုနှင့် အခွန်အရပ်ရပ်တောင်းခံနိုင်မှု အခြေအနေနှင့် ဆည်မြောင်း၊ အင်း၊ အိုင်များအတွင်း ငါးမျိုးများ စိုက်ထည့်ပေးနိုင်မှု အခြေအနေများကို လည်းကောင်း၊ ပျားလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေက ပျားရည်နှင့် ပျားထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှုနှင့် ဝတ်မှုန်ကူးပြောင်း ပေးနိုင်မှု အခြေအနေများကို လည်းကောင်း၊ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်းအထွေထွေမန်နေဂျာဒေါက်တာသန်းရွှေက တိရစ္ဆာန်မျိုး၊ အသား၊ ဥနှင့် ဆေးဝါးပစ္စည်းများ ထုတ်လုပ်နိုင်မှု အခြေအနေများကို လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက တက္ကသိုလ်ဆိုင်ရာ စာပေသင်ကြားမှု အခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)စရဏမဂ္ဂဇင်း ကျန်းမာခြင်းအမှုအကျင့်ကောင်းများပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) စရဏမဂ္ဂဇင်းကကြီးမှူး ကျင်းပသော ကျန်းမာခြင်းဆိုင်ရာ အမှုအကျင့်ကောင်းများဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာ၊ ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်နန်းအေးမြနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်း၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိုးထွန်းနှင့် အလုပ်အမှုဆောင်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ NGO အဖွဲ့ဝင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာငွေးလွင်က ပြိုင်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ဆက်လက်၍ ဆုများပေးအပ်ချီးမြှင့်ရာပြိုင်ပွဲတွင်ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း**(အပေါ်ဝဲပုံ)**နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများကိုယ်စား ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

● *ကျော်ဖုံးမှ*

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ် စောထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများက မိမိတို့ လုပ်ကိုင်ဆောင်ရွက်ရသည့် လုပ်ငန်း၊ ရန်ပုံငွေရရှိမှု၊ စက်ယန္တရားများနှင့် ဆောက်လုပ်ရေး ပစ္စည်းများ ရရှိသုံးစွဲမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ပထမနေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို မေ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ လမ်း၊ တံတားစီမံကိန်းများမှ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက မိမိတို့လုပ်ကိုင်ဆောင်ရွက်ရသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေက စီမံကိန်းလုပ်ငန်းများတွင် ရန်ပုံငွေသုံးစွဲမှု၊ စက်ယန္တရားများနှင့် တည်ဆောက်ရေးပစ္စည်းများ သုံးစွဲခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။

စနစ်တကျခင်းကျင်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ် စောထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိုးတွင်းကာလ၌ လမ်းများမပျက်စီးအောင် လမ်းများပေါ်တွင် ရေမဝပ်စေရေး၊ လမ်းဘေးဝဲယာ၌ ရေနုတ်မြောင်းများ ဖောက်၍ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ထားရန်၊ လမ်းများကို သတ်မှတ်အရည်အသွေးအတိုင်း စနစ်တကျခင်းကျင်းရန်၊ လမ်းမကြီးများ ဥပဒေနှင့်အညီ လမ်းများမပျက်စီးစေရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်ကြရန်၊ ခရိုင်အင်ဂျင်နီယာများ၊ ကွင်း အင်ဂျင်နီယာများက စနစ်တကျကြီးကြပ် ဆောင်ရွက်ရန်၊ လမ်း၊ တံတား တည်ဆောက်ရေး ပစ္စည်းများကို အလေ အလွင့်မရှိအောင် စနစ်တကျ သုံးစွဲခြင်း၊ လမ်း၊ တံတား၊ အဆောက်အအုံများ တည်ဆောက်ရာတွင် ပစ္စည်းအမျိုးအစား မှန်ကန်အောင် သုံးစွဲကြရန်၊ ရှေ့ဆက်လက်၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ညွှန်ကြား သတ်မှတ်ချက်များနှင့်မှုအတိုင်း ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အင်ပြည့်အားပြည့် ကြိုးစားလုပ်ဆောင်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ၁၉ရက်က ၂၀၀၆ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် သူနာပြု စွမ်းရည်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့်ပြိုင်ပွဲများ၌ တံခွန်စိုက်ဒိုင်းဆုရ ဗဟန်းမြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို အထက(၁)ဗဟန်း မိုးဦးပန်းခန်းမ၌ကျင်းပရာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်ဆန်းမြင့်ထံ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းလွှဲပြောင်းပေးအပ်စဉ်။ (မြန်မာ့အလင်း)

နှစ်ဖက်မိဘများအားရည်စူး၍ အမှတ်၁၈ ဥက္ကံ၃လမ်း ၈ ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေ ဦးမြင့်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ကုန်သည်/စက်မှုအသင်းချုပ် သင်တန်းဆင်းပွဲများကျင်းပမည်

ရန်ကုန် မေ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာသင်တန်း UMFCCI Level-I & II နှင့် Koeki Japanese Language သင်တန်းဆင်းပွဲ အခမ်းအနားကို မေ၂၀ရက် မွန်းလွဲ၂နာရီခွဲတွင် Hotel Nikko၌ ကျင်းပမည်ဖြစ်ရာ အဆိုပါသင်တန်း အောင်မြင်ပြီးသူများ တက်ရောက်ကြရန်နှင့် ဖုန်း-၃၈၁၂၈၄၊ ၃၈၁၂၈၅၊ ၃၇၀၈၂၃ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွာရန်ရာနှုန်း (၈၀)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

လပွတ္တာမြို့နယ် ကန်ဘက်ရွာ မဟာအောင်မြေစံကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတအားရည်စူး၍ ကန်ဘက်ရွာနေ ဦးဇော်ဝင်း-ဒေါ်အေးအေး သား မောင်မင်းသစ်ထွန်း မိသားစုတို့က မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သို့ ထာဝရဆွမ်းပဒေသာပင် ကျပ်၃၀၀၀၀၀ကို လှူဒါန်းရာ အလှူရှင်များကိုယ်စား အစ်ကိုဖြစ်သူ ဦးစိုးဝင်းက ဥက္ကဋ္ဌ ဦးတင်ဝမ်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

❒ *ကျော်ဖုံးမှ*

ပါတီကောင်းစားရေး၊ အာဏာရရှိရေး၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုသည့်မူတစ်ခုတည်းကို ဦးတည်ပြီး တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်နေမှုကြောင့် ပါတီအပေါ် စိတ်ပျက်ရွံရှာပြီး စိတ်ဝင်စားမှု တစ်နေ့တခြား လျော့နည်းလာကြောင်း၊ ယနေ့ကာလတွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား ပြည်သူများသည် ဝိဝါဒသဘောထား မကွဲပြားဘဲ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အမျိုးသားရေးသက်သက်ကိုသာ နေ့မအား ညမနား ဦးတည် ဆောင်ရွက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရခြင်းကြောင့် အမျိုးသားနိုင်ငံရေးသက်သက်ကိုသာ စိတ်ဝင်စားလာပြီး ပါတီနိုင်ငံရေးကို စိတ်ဝင်စားမှု လုံးဝမရှိတော့ကြောင်း၊ ၎င်းတို့သည် နိုင်ငံရေးကို သန့်သန့်ရှင်းရှင်းဆောင်ရွက်ပြီး ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် NLD ပါတီသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားရေးကိုဦးတည်ပြီး နိုင်ငံတော်၏ အသက်သွေးကြောဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသား ညီလာခံကြီးအား စတင်ကျင်းပစဉ်က အစ ပထမပိုင်းတွင် NLD ပါတီက တက်ရောက်ဆွေးနွေးခဲ့ကြောင်း၊ NLD ပါတီသည် ပါတီကောင်းစားရေးအတွက် ရေးရှုပြီး အမျိုးသားညီလာခံတွင် ကြိုးကိုင်ခြယ်လှယ်တောင်းဆိုမှုများ မရသဖြင့် အမျိုးသားရေးကို မကြည့်ဘဲ ညီလာခံကြီးကိုကျောခိုင်းခဲ့ကြောင်း၊ ပါတီတစ်ခု၊ လူတစ်စုကောင်းစားရေးအတွက် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကိုဆန့်ကျင်သည့် အဖျက်အမှောင့်လုပ်ငန်းများကို ပြည်ပနိုင်ငံအချို့နှင့်လည်းကောင်း၊ မြေပေါ် မြေအောက် အဖျက်သမားများနှင့်လည်းကောင်း ပူးပေါင်းလုပ်ဆောင်နေကြောင်း၊ နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးမူဝါဒကြောင့် ယခုအခါ ကချင် ပြည်နယ်အပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုကို လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း၊ အာဏာမက်မောပြီး အာဏာရရှိရေးကိုသာ အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားသည့် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ အပြီးအပိုင် နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နုတ်ထွက်သည့် ပါတီဝင် ၆၈ ဦးကိုယ်စား ရွှေကူမြို့နယ် မြို့ကုန်းရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဦးစိုးမြင့်က ပါတီအတွက် ဆောင်ရွက်စဉ်အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများနှင့် ပါတီဝင် ၆၈ဦး၏ နုတ်ထွက်လွှာများကို ရွှေကူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံပေးအပ်ပြီး အခမ်းအနားကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရုပ်သိမ်းလိုက်သည်။

မေ ၄ ရက်တွင် ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်များ အပါအဝင် NLD ပါတီဝင် ၆၇ဦးသည် ရွှေကူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများ စုပေါင်းပေးအပ်ပွဲကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခု NLD ပါတီဝင် ၆၈ ဦး၏ နုတ်ထွက်လွှာများ စုပေါင်းပေးအပ်ပွဲကျင်းပခြင်းမှာ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စီအင်န်ဂျီသဘာဝဓာတ်ငွေ့သုံးယာဉ်များ အမြန်ပြောင်းလဲပြီးစီးရေး မော်တော်ယာဉ်လိုင်းများနှင့်ယာဉ်ပိုင်ရှင်များ ညှိနှိုင်းစီစဉ်ဆောင်ရွက်

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေး ကို ယနေ့ ညနေ ၅နာရီ ၄၅မိနစ်က ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းတက်ရောက်၍ မော်တော်ယာဉ်လိုင်းများမှ စီအင်န်ဂျီသဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်အဖြစ် မပြောင်းလဲရသေးသည့် ယာဉ်များကို သတ်မှတ်ကာလအတွင်း အမြန်ပြောင်းလဲပြီးစီးစေရန်အတွက် တာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများနှင့် ယာဉ်ပိုင်ရှင်များ ညှိနှိုင်းစီစဉ်ဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီသဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က စက်မှုကဏ္ဍကို တိုးမြှင့်လာခဲ့ရာ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ရည်မှန်းချက်များ အပြည့်အဝရရှိရန် ပါဝင်လုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၀၅–၂၀၀၆ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်များ ပြည့်မီစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုနည်းတူစွာ စတုတ္ထငါးနှစ် စီမံကိန်း၏ အစနှစ်ဖြစ်သော ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင်လည်း လျာထားချက်များပြည့်မီ ကျော်လွန်ရေးအတွက် ထုတ်လုပ်မှု လုပ်ငန်းများကို နှစ်စကတည်းက အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းသစ်များကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အလေအလွင့်နည်းပါးပြီး ခြိုးခြံချွေတာကြရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် တာဝန်ရှိသူများသည် ပြီးခဲ့သည့် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ အားသာချက်များ၊ အားနည်းချက်များကို ဦးစီးဌာနလုပ်ငန်းတစ်ခုချင်းအလိုက် သုံးသပ်ကြပြီး ဝန်ကြီးက ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်မှု၊ ရောင်းချမှုလျာထားချက်များ ပြည့်မီကျော်လွန်ရေး ကြိုးစားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်ရုံအသီးသီးမှ ထုတ်လုပ်သည့် ပစ္စည်းများ ရောင်းချရေးနှင့်ပတ်သက်၍ အရောင်းမြှင့်တင်ရေး ဆောင်ရွက်ရန်များကို တင်ပြပြီး မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ကုန်ထုတ်လုပ်မှုလျာထားချက်ပြည့်မီရေးလိုအပ်ချက်များကို သုံးသပ်တင်ပြ၍ ဦးဆောင်ညွှန်ကြားရေးမှူးများက ကုန်ထုတ်လုပ်မှုလျာထားချက်ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

လင်းခေးခရိုင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် မေ ၁၉

လင်းခေးခရိုင် လင်းခေးမြို့ နွယ်ဝတီခန်းမအနီး ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို မေ၅ရက်ကကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(တောင်ပိုင်း) အဖွဲ့ဝင်(၁) ဦးခင်မောင်ကြီး၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ တက်ရောက်သည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်စိုးဝင်းက ခြံစည်းရိုးကြက်ဆူပျိုးခြံအတွင်း ပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ အဖွဲ့ဝင်(၁) ဦးခင်မောင်ကြီးက ပျိုးထောင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အလိုက် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။ **(အောက်ပုံ)**

နွယ်ဝတီ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၁၉၂၁၀၀၀ကျော် ပျိုးထောင်ထားကြောင်း သိရှိရသည်။

ဆက်လက်ပြီး အဖွဲ့ဝင်(၁) ဦးခင်မောင်ကြီးနှင့်အဖွဲ့သည် လင်းခေးမြို့ မြို့မတောင်ရပ်ကွက်ဥက္ကဋ္ဌ ဦးတာယ၏ ခြံစည်းရိုးကြက်ဆူပင် ၃၀၀၀၀ပျိုးထောင်ထားသော ပျိုးဥယျာဉ်သို့ရောက်ရှိပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ ထို့နောက် လင်းခေးခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ၂၀၀၀၀ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာမြင့်သိန်းက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်အား ကြည့်ရှုခဲ့သည်။ ခရိုင်ရဲတပ်ဖွဲ့ ခြံစည်းရိုးကြက်ဆူပင် ၃၀၀၀၀ ပျိုးထောင်ထားရှိမှုကို ဒုရဲမှူးကြီးကျော်ဆွေက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အဖွဲ့ဝင်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၃၃သမ၂၈ဧက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲနှင့် မိုးနဲမြို့နယ် နားခံစံပြကျေးရွာတွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မေ၁၉ရက်က ဆူးလေစေတီတော်ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေးစီမံကိန်းအတွက် အမှတ်၃၁ ၁၄၅လမ်း အရိုးကုန်းရပ်ကွက် တာမွေမြို့နယ်နေ ငွေကြာရုံကျောင်း ဒါယကာကြီး ဦးဘငြိမ်း– ကျောင်းအမကြီး ဒေါ်ဒေါ်စီ၊ ဖခင်ကြီး ဦးသိန်းတို့အားရည်စူး၍ ဒေါ်ခင်စိန်မိသားစုက ဒေါ်ခင်စိန်အသက်(၇၂) နှစ်မြောက်မွေးနေ့အလှူမြတ်ဒါနအဖြစ် ရွှေစင်ရွှေသားတစ်ကျပ်သား ကိုးလက်မပတ်လည်တစ်ချပ်အတွက် ငွေကျပ်သုံးသိန်းငါးသောင်းကို ဂေါပကအဖွဲ့ဝင် ဦးထွန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အောင်မြေသာစံမြို့နယ်နှင့်တောင်ကြီးမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၉

ယနေ့နံနက် ၆နာရီတွင် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် ၁၁လမ်း၊ ၈၇–၈၈လမ်းနေ ကိုမြင့်လွင် ပိုင်(ဒ/၃၄၈၂) ဟိုင်းလက်(ဖြူ)ကားစက်နှိုးရာမှ ဝါယာရှော့ဖြစ်၍ ကားခေါင်းခန်းတစ်ခုလုံး မီးလောင်ခံရပြီး ငွေကျပ်၃၀၀၀၀ဖိုးခန့် ဆုံးရှုံးသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် စန္ဒာလမ်းနှင့် အရှေ့မြို့ပတ်လမ်းထောင့် (မင်္ဂလာအထွေထွေရောင်းဝယ်ရေးသမ)ပိုင်ရှင် ဦးယုံကြည်၏ဆိုင်တွင် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးစတင်လောင်ကျွမ်းရာ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်၈၅ဦးဖြင့် စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အဆောက်အအုံနှင့်အတွင်းပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၁၇သိန်းငါးသောင်းဖိုးခန့်ဆုံးရှုံးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၅–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	၂။	တေးဂီတအစီအစဉ်
၇:၁၀	၃။	လောက၌ အကောင်းဆုံးသောအမွေ
၇:၃၀	၄။	တေးဂီတအစီအစဉ်
၇:၃၅	၅။	အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ နှစ်(၆၀)ပြည့် အခမ်းအနား
၈:၁၀	၆။	ပြည်တွင်းသတင်းအကျဉ်း
၈:၂၀	၇။	တေးဂီတအစီအစဉ်
၈:၂၅	၈။	ဝိသာခါ သီလရှင်သင် အမျိုးသမီးပညာရေး ကျောင်းသို့ တစ်ခေါက်
၈:၃၅	၉။	တေးဂီတအစီအစဉ်
၈:၄၀	၁၀။	ပြည်တွင်းရိက္ခာဖူလုံစေရာ မြေလွတ်များမှာ ငါးမွေးပါ
၈:၅၅	၁၁။	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	၁၂။	တေးဂီတအစီအစဉ်
၉:၀၅	၁၃။	Science Tech Today (ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်း) (ဦးထွန်းလွင်၊ ကိုကို(စက်မှုတက္ကသိုလ်) (အပိုင်း–၁)
၉:၅၀	၁၄။	မိုးလေဝသခန့်မှန်းချက်
၉:၅၅	၁၅။	ဆီးချို၊ သွေးချိုရောဂါနှင့် အင်ဆူလင် အသုံးပြုပုံအကြောင်း (အပိုင်း–၄)
၁၀:၁၅	၁၆။	တေးဂီတအစီအစဉ်
၁၀:၂၀	၁၇။	မြန်မာ့မြေအောက် သယံဇာတများ ရှွေနှင့် ခဲမဖြူသတ္တုတူးဖော်ရေး လုပ်ငန်း
၁၀:၄၀	၁၈။	တေးဂီတအစီအစဉ်
၁၀:၄၅	၁၉။	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅	၂၀။	နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၁:၀၀	၂၁။	တေးဂီတအစီအစဉ်
၁၁:၀၅	၂၂။	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၁၁:၁၅	၂၃။	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀	၂၄။	အင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲ (အပိုင်း–၂)
၁၁:၅၅	၂၅။	တေးဂီတအစီအစဉ်
၁၂:၀၀	၂၆။	MRTV -4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိသုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၀–၅–၂၀၀၆ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၀၅	၆။	ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
၈:၁၅	၇။	အဆိုပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Happy and Educational English Summer Course MRTV Junior Class II
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၀၅	၅။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “Doraemon”
၁၂:၂၀	၆။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၂:၃၀	၇။	**“ဒဟတ်ပန်းတစ်ခိုင်”** မင်းမော်ကွန်း၊ မြသဇ္ဇာလီ (ဒါရိုက်တာ–မောင်မောင်ဇော်ဝင်း)
၁၂:၅၀	၈။	အဆိုပြိုင်ပွဲ
၁၃:၀၀	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃:၂၅	၁၀။	ဖွံ့ဖြိုးဝေဆာနားခံစံပြကျေးရွာ
၁၃:၃၅	၁၁။	အတီးပြိုင်ပွဲ
၁၃:၅၀	၁၂။	တေးဂီတအစီအစဉ်
၁၄:၀၅	၁၃။	ယာကြီးရေထိန်းတမံ
၁၄:၁၀	၁၄။	**“သတိတစ်ချက် တစ်သက်အမှား”** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၄:၂၀	၁၅။	အကပြိုင်ပွဲ
၁၄:၃၅	၁၆။	ဗိုလ်မြတ်ထွန်းတံတား
၁၄:၄၅	၁၇။	International News
၁၅:၀၀	၁၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒ အထူးပြုများ) [ရူပဗေဒ]
၁၇:၁၅	၆။	မြင်းခြံစံမတူဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
၁၇:၃၀	၇။	တေးဂီတအစီအစဉ်
၁၇:၄၅	၈။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	Discovery
၁၈:၅၀	၁၂။	အကပြိုင်ပွဲ
၁၉:၀၀	၁၃။	ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းသစ်
၁၉:၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ကံကောင်းခြင်းအိပ်မက်”** (အပိုင်း–၁၅)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မိပြီဆိုရင်”** (အပိုင်း–၄၅)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ဆေးဖက်ဝင် ကြက်သွန်နီ

ဒေါက်တာလွင်ကို

တစ်နေ့တွင် ပါမောက္ခဒေါက်တာကျော်လှနှင့်အတူ လေယာဉ်ကွင်းမှ အပြန် သူရောကျွန်တော်နှင့်ပါ ငယ်စဉ်အခါက ရင်းနှီးကျွမ်းဝင်ရှိခဲ့ကြသော အင်ဂျင်နီယာပါမောက္ခချုပ်(စာရေးဆရာ)တို့ ဇနီးမောင်နှံနှင့် နန်းကြီးသုပ် အတူစားရင်း စကားလက်ဆုံကျခဲ့ပါသည်။

မြန်မာ့ပတ်ဝန်းကျင်တွင် လွယ်ကူစွာဖြင့် မြင်၊ သိ၊ ကြားနေရသည့် အသီး၊ အပွင့်၊ အရွက်များအကြောင်း၊ မည်သို့မည်ပုံ ဆေးဖက်ဝင်ကြောင်း သူတစ်လှည့်ကိုယ်တစ်ခါ စုံလင်စွာပြောဆိုမိကြသည်။

“ဆရာတို့ ကြက်သွန်နီကို လူတိုင်းစားဖူးပါတယ်။ ကျွန်တော့်ကိုယ်တွေ့တစ်ခုကတော့ ကြက်သွန်နီတစ်ဥကို တစ်လွှာချင်းခွာပြီး သောက်ရေဖန်ခွက်မှာထည့် အဖုံး ဖုံးထားရင် ကြက်သွန်နီ စိမ်ရေရတာပေါ့ဗျာ။ အဲဒါ ညမှာလုပ် နံနက်အိပ်ရာထမှာသောက် ဘာအရသာ၊ အနံ့ဆိုးမှ မရှိဖူး။ စားနေကျ ကြက်သွန်နီရေစိမ်ပြီး သောက်တာဆိုတော့ ဘေးထွက်ဆိုးကျိုးလဲ စိုးရိမ်စရာမလိုဘူးဗျို့။ တစ်လ၊ နှစ်လသာ နေ့စဉ်သောက်။

> **ကြက်သွန်ဖြူကဲ့သို့ပင် ကြက်သွန်နီသည် သွေးကြောပိတ်ခြင်းနှင့် သွေးတိုးရောဂါတို့ကို ကာကွယ်ပေးသည်လို့ American Heart Association က အတိအလင်းဆိုထား ပြန်ပါတယ်။**

ဘာကောင်းသလဲဆိုတော့ ကျောက်ကပ်ထဲမှာ ကျောက်တည်နေရင် တဖြည်းဖြည်းသေးသွားတာကို တွေ့ရပါလိမ့်မယ်ဗျာ။ Seeing is believing) ဆိုသလိုပါပဲ။ Ultra sound proven လို့ ဆရာဝန်ကြီးများကို ပြောမှ ယုံမယ်ထင်ပါတယ်။”

“ယုံပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ မသိသေးတာဘဲ ရှိပါတယ်၊ မဖော်ထုတ်နိုင်သေးတာဘဲ ရှိတယ်၊ ကျွန်တော်တို့ပတ်ဝန်းကျင် လက်တစ်ကမ်းမှာရှိတဲ့ စားသုံးသီးနှံပင်များဟာ အစာလဲဆေး ဆေးလဲအစာဆိုတဲ့ စကားအတိုင်း ဆေးဖက်ဝင်ကြတာချည်းပဲလို့ ခံယူထားပါတယ်။ တိတိပပမည်သို့မည်ပုံ သုံးရမယ်ဆိုတာသာ မညွှန်နိုင်သေးတာပဲ ရှိတယ်။”

ဤစကားဝိုင်းမှ မှတ်သားဖွယ် ဗဟုသုတရလာခဲ့ပါသည်။ ကျွန်တော်၏ ဉာဉ်အတိုင်း ဘာကြောင့် ဒီ effect ရသနည်း၊ ဘယ်သူတွေက ဘယ်လိုသုတေသနလုပ်ထားသနည်း၊ ဘယ်ဓာတ်ပေါင်းတွေပါသနည်း၊ အခြားမည်သည့်ရောဂါများကို ပျောက်ကင်းစေသနည်း ဆိုသည်ကို သိချင်လာသဖြင့် Internet တွင် ရှာကြည့်မိပါသည်။

ကြက်သွန်နီအကြောင်းကို ဖတ်လိုက်တော့ ကြက်သွန်နီကို ပို၍ တန်ဖိုးထားမိပါသည်။ ကျွန်ုပ်တို့၏မိးဖိုချောင် ဆရာဝန်ဖြစ်နေသောကြောင့်ပင်။ An onion a day keeps the doctor away. Onions are highly recommended for people trying to prevent cardiovascular diseases, cancer, and infections ဆိုတဲ့ စာကြောင်းကို တွေ့လိုက်ရပါတယ်။

ကြက်သွန်နီကို လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ကျော်ကတည်းက ဆေးဖက်ဝင်အပင်အဖြစ် အသိအမှတ်ပြုခဲ့ကြပြီး ရှေးဂရိသမားတော်ကြီး ဟစ်ပိုခရေးတီးစ်(Hippocrates)က ဆီးရွှင်ဆေးအဖြစ်လည်းကောင်း၊ အနာဒဏ်ရာကျက်ဆေးအဖြစ်လည်းကောင်း၊ နမိုးနီးယားရောဂါ ကာကွယ်ဆေးအဖြစ်လည်းကောင်း အသုံးပြုခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ရုရှားစစ်သားများအကြား ကြက်သွန်နီသည် ဒဏ်ရာဆေးကြောရာတွင် ပိုးသတ်ဆေးအဖြစ် ထင်ရှားခေတ်စားခဲ့ပါသည်။ အနောက်နိုင်ငံများမှ မိခင်များသည် နှာစေးလေ့ရှိသော သားသမီးငယ်၏လည်ပင်းတွင် ကြက်သွန်နီဥ ဆွဲပေးခဲ့ကြခြင်းသည် လက်ဖွဲ့တော့မဟုတ်တန်ရာပါ။ သူ့အနံ့ကနှာစေးပျောက်လို့ရှိမှာ ဖြစ်နိုင်ပါသည်။

ကြက်သွန်နီကို အကွင်းလိုက်လှီး၊ ခေါင်းအုံးအောက်မှာထားပြီး အိပ်သည့်နည်းဖြင့် အိပ်မပျော်သောရောဂါ (Insomnia)ကို အနိုင်ယူခဲ့ကြသည်ဟု ရှေးယုံတမ်းစကားအဖြစ်ပြောခဲ့သည်မှာ နှစ်ပေါင်းထောင်ချီခဲ့ပါပြီ။

ဒါ့ကြောင့် အခု **လွန်ခဲ့တဲ့ ၁၀ နှစ်က လူသုံးများလာလို့ လေ့လာဆန်းစစ်ကြည့်လိုက်တော့ အမေရိကန်ပြည်မှာ လူတစ်ယောက် တစ်နှစ်မှာ ကြက်သွန်နီ ငါးပိဿာ=၁၈ ပေါင် စားတယ်တဲ့။ နှလုံးရောဂါကို ကာကွယ်ချင်လို့၊ သွေးတိုးကျချင်လို့၊ ကိုလစ်စထရောချချင်လို့၊ ကင်ဆာဆဲလ်ပွားမှု ကာကွယ်အောင်လို့၊ ဦးနှောက်သွေးကြောပြတ်/ပိတ်တာမျိုး ကာကွယ်အောင်လို့၊ ကိုယ်ခံစွမ်းအားကောင်းအောင်လို့၊ အစာအိမ်နဲ့ အူလမ်းကြောင်းမှာ ရောဂါမဖြစ်အောင်လို့ဆိုတဲ့ အဖြေတွေ ပေးကြပါတယ်။**

> ဆေးဖက်ဝင် ကြက်သွန်နီ
>
> **ဆေးဖက်ဝင် ကြက်သွန်နီများကို ဤသို့ တွေ့ရသည်။**

ကြက်သွန်နီမှာ အဖြူဥ၊ အဝါဥ၊ အနီဥ ဆိုပြီးရှိရာ အနီဥက ဆေးစွမ်း အထက်ဆုံးပါ။ သူ့မှာ စွမ်းအားဓာတ်ပေါင်း ၂၅ မျိုးလောက်ပါသော်ငြားလဲ Sulfur နဲ့ Quercetin ဆိုတဲ့ ဓာတ်နှစ်ခုက အလွန်အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်တာ တွေ့ရပါတယ်။

ကြက်သွန်ဖြူကဲ့သို့ပင် ကြက်သွန်နီသည် သွေးကြောပိတ်ခြင်းနှင့် သွေးတိုးရောဂါတို့ကို ကာကွယ်ပေးသည်လို့ American Heart Association က အတိအလင်းဆိုထားပြန်ပါတယ်။

ဒီအချက်တွေကိုကြည့်ပြီး ကြက်သွန်နီကို ဉာဏ်ရှိသလိုသုံးကာ မိသားစု ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြဖို့ တိုက်တွန်းချင်ပါတယ်။

ကြက်သွန်နီကို ဆေးအဖြစ်သုံးနိုင်တာကတော့–

၁။ အအေးမိပြီး နှာရည်ယို၊ မျက်ရည်ယို၊ ခေါင်းကိုက်နေရင် ကြက်သွန်နီ အခိုးရှူ၊ ကြက်သွန်နီ အကွင်းလိုက်လှီးစား၊ မကြာမကြာ စားပါ။

၂။ နားကိုက်နေရင် ကြက်သွန်နီအရည် ညှစ်ထည့်ပါ။

၃။ အဆုတ်အအေးပတ်ပြီး ခဲနေရင်၊ နမိုးနီးယားဖြစ်ရင်၊ ချောင်းအရမ်းဆိုးရင် ကြက်သွန်နီများများ စားပေးပါ။

၄။ ကလေးငယ်များ လေနာလို့ရှိရင်၊ အစာမကြေ ပျို့အန်ရင် ကြက်သွန်နီဥသေးသေး သကြားနဲ့ ပြုတ်ကျွေးပါက မြန်မြန်ပျောက်ပါတယ်။ မုန့်ဟင်းခါးရည်ထဲ မှာ ပါတဲ့ ကြက်သွန်နီဥ ကျက်ပြီးပျော့နေတာ ခြေကျွေးရင်လဲ ရပါတယ်။

၅။ အသံဝင်၊ အသံအက်၊ အသံသြ၊ အသံပြာပြီး လည်ပင်းနာနေရင်လဲ ကြက်သွန်နီ အစိမ်းလိုက်ပဲဖြစ်ဖြစ်၊ ဟင်းထဲမှာပဲဖြစ်ဖြစ် များများစားပေးရင် မြန်မြန်ပျောက်ပါတယ်။

၆။ ခြေထောက်၊ လက် ခိုက်မိလို့၊ အနာဖြစ်လို့ တစစ်စစ်ထိုးကိုက်နေရင် ကြက်သွန်နီထောင်းပြီး အုံပေးပါက သက်သာစေပါတယ်။ များများလဲ စားပေးသင့်ပါတယ်။

၇။ ကြက်သွန်နီဥ ချိုင်းကြားထဲထားပြီး အဖျားတိုင်းရင် အပူချိန်တက်တယ်လို့ ကြားဖူးပေမယ့် ဘာကြောင့်ဖျားဖျား ကြက်သွန်နီစားရင် အဖျားကျတယ်လို့ဆိုထားပြန်ပါတယ်။

ကြက်သွန်နီနဲ့ပတ်သက်ပြီးရောဂါကာကွယ်ဖို့ အသုံးတည့်သလို အထက်ဖော်ပြပါ ရောဂါလက္ခဏာတွေအတွက် ကြက်သွန်နီ သုံးကြည့်ပါ။ အန္တရာယ်လဲ ကင်းပါတယ်၊ ပျောက်လဲပျောက်မှာပါ။ ဆေးခန်း၊ ဆေးတိုက်သွားရတဲ့ ဒုက္ခအတော်အတန် ငြိမ်းသွားရင် အိမ်နောက်ဖေး မြေကွက်လပ်မှာ ကြက်သွန်နီ သင်ဖြူးဖျာ တစ်ချပ်စာလောက် စိုက်ချင်စိတ် ပေါက်လာနိုင်ပါတယ်။

စိုက်လို့လဲ လွယ်ပါတယ်။ အက်စစ်မြေမှာစိုက်စိုက်၊အယ်လ်ကာလီမြေမှာ စိုက်စိုက် ရပါတယ်။ မြေကပွရင် ပိုဖြစ်တာပေါ့။ စိုက်စတော့ အအေးဓာတ်လိုပေမယ့် အပင်ဖြစ်ပြီဆိုရင် ပူပြင်းခြောက်သွေ့တဲ့ရာသီမှာလဲ ဖြစ်ထွန်းနိုင်ပါတယ်။ သူ့ကို ရုက္ခဗေဒအမည်က (Allium cepa) လို့ ခေါ်ပါတယ်။မိသားစုဆရာဝန်လို့ ခေါ်လို့ရသလို မီးဖိုချောင်သမားတော်တစ်ဦးလို့ မှတ်ယူနိုင်ပါတယ်ခင်ဗျား။ ။

လွန်ခဲ့တဲ့ ၁၀နှစ်က လူသုံးများလာလို့ လေ့လာဆန်းစစ်ကြည့်လိုက်တော့ အမေရိကန်ပြည်မှာ လူတစ်ယောက် တစ်နှစ်မှာ ကြက်သွန်နီ ငါးပိဿာ=၁၈ပေါင် စားတယ်တဲ့။ နှလုံးရောဂါကို ကာကွယ်ချင်လို့၊ သွေးတိုးကျချင်လို့၊ ကိုလစ်စထရောချချင်လို့၊ ကင်ဆာဆဲလ်ပွားမှု ကာကွယ်အောင်လို့၊ ဦးနှောက်သွေးကြောပြတ်/ပိတ်တာမျိုး ကာကွယ်အောင်လို့၊ ကိုယ်ခံစွမ်းအား ကောင်းအောင်လို့၊ အစာအိမ်နဲ့ အူလမ်းကြောင်းမှာ ရောဂါမဖြစ်အောင်လို့ဆိုတဲ့ အဖြေတွေ ပေးကြပါတယ်။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၄၁၇၇) တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

သားငှက်တိရစ္ဆာန်စုံလင်လှသည့် လော်ကားတိရစ္ဆာန်ဥယျာဉ်ငယ်

သတင်းဆောင်းပါး - လှစိန်

ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၉

လော်ကား တိရစ္ဆာန်ဥယျာဉ်ငယ် ......ံ။

မင်္ဂလာဒုံမြို့နယ်ရှိ ဧက ၁၅၄၀ ကျယ်ဝန်းသော လော်ကားဥယျာဉ်တွင် ၆၂ ဧကသည် တိရစ္ဆာန်ဥယျာဉ်ငယ်ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်ငယ်တွင် လင်းယုန်ငှက်၊ ဒီးဒုတ်၊ ဟိမဝန္တာဝက်ဝံ၊ မိကျောင်း၊ ပဿျူးဝက်ဝံ တို့ကို လှောင်အိမ်များတွင် လည်းကောင်း၊ ဝက်ဝံ၊ အင်းကျားနှင့် ကျားသစ် တို့ကို ကျုံးများတွင် လည်းကောင်း ကြည့်ရှုလေ့လာနိုင်ပါသည်။

လော်ကားဥယျာဉ်အတွင်းရှိအပန်းဖြေသူများ လေ့လာနိုင်ရန် ကျားသစ်အထီးအား တွေ့ရစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

လော်ကားဥယျာဉ်တွင် နို့တိုက်သတ္တဝါ ၁၀၀၈ကောင်၊ ကျေးငှက်သတ္တဝါ ၁၉၇ ကောင်နှင့် တွားသွားသတ္တဝါ ၂၇၂၆ကောင် ကျက်စားပေါ်မြူးလျက်ရှိသည်။ ဌာနပိုင် ဆင်ရှစ်ကောင်ရှိပြီး အထီးတစ်ကောင်နှင့် အမ ခုနစ်ကောင် ဖြစ်သည်။ ဆင်အုပ်တွင် ကလေးငယ် ဆင်မလေးနှစ်ကောင်နှင့် ဆင်ကြီး ခြောက်ကောင်ဖြစ်သည်။ ဆင်များကို မိုးရာသီကုန်ဆောင်းရာသီ၌ ဧည့်သည်များ အပျော်စီးနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

တိရစ္ဆာန်ဥယျာဉ်ငယ်တွင် သားရဲတိရစ္ဆာန်များကို မွေးမြူပြသထားသည့်အပြင် ငှက်လှောင်အိမ်တစ်ခု တည်ဆောက်၍ ငှက်မျိုးပေါင်းစုံလင်စွာကို လှောင်အိမ်ထဲတွင် လေ့လာကြည့်ရှုနိုင်သည့်အပြင် ဝေလငါးတစ်ကောင်၏ အရိုးများပြသထားသည်မှာလည်း အထူးစိတ်ဝင်စားစရာကောင်းလှသည်။

လော်ကားဥယျာဉ်အတွင်း အပန်းဖြေ လာရောက်လေ့လာသူများ မျက်ဝါးထင်ထင် တွေ့မြင်ရမည့် ရှဉ့်ငပေါ(ခေါ်)ရှဉ့်နီကလေး၏ မြင်ကွင်း။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ထို့ပြင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးပြခန်း၊ ဇီဝမျိုးစုံမျိုးကွဲပညာပေး ပြခန်းနှင့် ငှက်ပြခန်း သုံးခုရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်းတွင် တစ်နိုင်ငံလုံးရှိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၁ခု၏ တည်နေရာ၊ အကျယ်အဝန်း၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက် တိရစ္ဆာန် ထိန်းသိမ်းရေး ဆောင်ရွက်ပုံများကို မြေပုံကားချပ်များဖြင့် ပြသထားသည်။

ထို့ပြင် ရှားပါးတိရစ္ဆာန်များ၏ ပုံတူများကလည်း ကြည့်ရှုလေ့လာသူများအဖို့ အံ့သြဘနန်းဖြစ်စရာ သက်ဝင်လျက်ရှိသည်။

ထို့ကြောင့် တောတောင် စိမ့်စမ်းနှင့်အတူ ကျေးငှက်တိရစ္ဆာန် စုံလင်စွာ မြင်တွေ့ရသည်နှင့် စိတ်နှလုံးအေးချမ်းသွားစေသည့် လော်ကား တိရစ္ဆာန်ဥယျာဉ်ငယ်သို့ တစ်ခါတစ်ခေါက် လာရောက် အပန်းဖြေလှည့်ကြပါလို့ ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ ။

လော်ကားဥယျာဉ်အတွင်း အပန်းဖြေသူများ လေ့လာနိုင်မည့် မိကျောင်း။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)



လော်ကားဥယျာဉ်အတွင်းရှိ လင်းယုန်၏ ကြို့ဆိုပုံက ဤသို့...။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

လော်ကားဥယျာဉ်အတွင်းရှိ ဟိမဝန္တာဝက်ဝံလေး၏ အစာတောင်းနေပုံကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၉

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ မေ၉ရက် နံနက်၇ နာရီက အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၂)နှင့် အခြေခံစာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

<u>သင်တန်းကာလ</u>

အဆိုပါ သင်တန်းများတွင် အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၂)သို့ သင်တန်းသား၄၂ဦး၊ သင်တန်းသူ ၄၂ဦး စုစုပေါင်း၈၄ဦး၊ အခြေခံစာရေးဝန်ထမ်းသင်တန်းသို့ သင်တန်းသား၅၃ဦး၊ သင်တန်းသူ၈၄ဦး စုစုပေါင်း ၁၃၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၄ပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ဝမ်းလျှောဝမ်းပျက်ရောဂါ(နှိုးဆော်ချက် - ၂)

မိုးရာသီတွင် သောက်သုံးရေများအတွင်းသို့ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊ သစ်သီးမှည့် အခွံများ၊ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ကောင်များပေါများခြင်းနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှု နည်းပါးခြင်းတို့ကြောင့် ပြင်းထန်သည့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။

ဝမ်းလျှောဝမ်းပျက်ရောဂါ ဖြစ်ပွားပါက

* အရည်ဝမ်းများသွားခြင်း

* အော့အန်ခြင်းတို့ကြောင့်

ခန္ဓာကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ဆုံးရှုံး၍ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပွားပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ ဝမ်းလျှောဝမ်းပျက်ရောဂါကြောင့် အသက်အန္တရာယ် ထိခိုက်မှုမှကာကွယ်ရန် ဆုံးရှုံးသွားသည့် ရေနှင့်ဆားဓာတ်များကို အချိန်မီ ဖြည့်တင်းရန် လိုအပ်ပါသည်။

သို့ပါ၍ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာပြသ၍ ကုသမှုခံယူရန် အသိပေးတိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ နေ့လယ်ပိုင်းတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ထည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ် လျှပ်စစ်ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန် ဓာတ်ဆီ ထည့်ခြင်းမှ သတိပြုရှောင်ကြဉ်ကြပါရန် မီးသတ်ဦးစီးဌာနက နှိုးဆော်ထားသည်။

■ **ကျောဖုံးမှ**

လိုက်ဖလိုင်းဝိတ်တန်း

လိုက်ဖလိုင်းဝိတ်တန်း ၄၈ ကီလို ဗိုလ်လုပွဲစဉ်အဖြစ် နိုင်ဝင်း (ဘီလပ်မြေ စက်ရုံ) နှင့် မိုးသီး (မြန်မာပြည်သား) တို့ ယှဉ်ပြိုင် ထိုးသတ်ကြရမည်ဖြစ်သည်။ လိုက်ဖလိုင်းဝိတ်တန်းတွင် လက်ဇေ့ကျော်လေးဦးသာ စာရင်းပေးသွင်းခဲ့ကြသဖြင့် အကြိုဗိုလ်လုပွဲစဉ်မှ စတင် ယှဉ်ပြိုင်ထိုးသတ်ကြရသည်။ အကြိုဗိုလ်လုပွဲစဉ်၌ နိုင်ဝင်း (ဘီလပ်မြေ စက်ရုံ)က နေစိုးအောင် (တောင်ကလေး)ကို အမှတ်ဖြင့် အနိုင် ရရှိခဲ့သည်။ ငါးချီပြည့်သည်အထိ အနိုင်အရှုံးပေါ်အောင် မထိုးနိုင်ကြ၍ အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ အမှတ်ပေးဒိုင် လေးဦးက နိုင်ဝင်းကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

မိုးသီး(မြန်မာပြည်သား)သည် လက်ဇေ့ကျော် ဦးစစ်နိုင်၏ သားတပည့်ဖြစ်၏။ ယခင်က သားစစ်နိုင်အမည်ဖြင့် စိန်ခေါ်ပွဲများ ယှဉ်ပြိုင်ထိုးသတ်ခဲ့သူဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်၌ စောသဲဝေ(တွံတေး)ကို စတုတ္ထအချီ ၁မိနစ်၃စက္ကန့်၌ အလဲထိုး အနိုင်ယူခဲ့သည်။ သတ်လုံးသတ်ပေါက် စုံလင်ပြီး အသည်းကောင်းကောင်းထိုးသတ်နိုင်၍ ပရိသတ်လက်ခုပ်သံ ရခဲ့သူဖြစ်သည်။ အလုံးအထည်အရကြည့်လျှင် မိုးသီးက နိုင်ဝင်းထက် တုတ်ခိုင်သန်မာသူဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်၌ ထိုးသတ်ခဲ့ကြသည့် လက်ရည်ကို ချိန်ထိုးကြည့်လျှင် ရွှေခါးပတ်ဆုမှာ မိုးသီးဘက်ကို အလေးသာနေသည်။

ဖလိုင်းဝိတ်တန်း

ဖလိုင်းဝိတ်တန်း ၅၁ ကီလို ဗိုလ်လုပွဲစဉ်အဖြစ် ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)နှင့် ထစ်ချုန်း(KLN)တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။ ဖလိုင်းဝိတ်တန်း၌ လက်ဇေ့ကျော်လေးဦးသာ စာရင်းပေးသွင်းခဲ့သဖြင့် အကြိုဗိုလ်လုပွဲစဉ်မှ စတင်၍ ယှဉ်ပြိုင်ခဲ့ရသည်။ အကြိုဗိုလ်လုပွဲစဉ်၌ ရွှေကျည်ဆံ(ဘီလပ်မြေစက်ရုံ)က အောင်မြင့်စိန်(တွံတေး)ကို ပထမအချီ ၁မိနစ်မှာပင် အလဲထိုး အနိုင်ယူခဲ့သည်။ ရွှေကျည်ဆံဆိုသည့်အတိုင်း လက်သီးချက်နှင့် ခြေကန်ချက်က မြန်ဆန်လှသည်။ ဘီလပ်မြေကလပ်၏ အားထားသော လက်ဇေ့ကျော်ဖြစ်ရာ ပွဲသိမ်းမြန်သည့် စံချိန်ကို ထိန်းနိုင်မလား စောင့်ကြည့်ရမည်။

KLNကလပ်မှ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်သူဆို၍ ထစ်ချုန်း တစ်ဦးသာရှိသည်။ လုံးချော(ညောင်တုန်း)က KLN ကလပ်ကိုယ်စားပြု ယှဉ်ပြိုင်ခြင်းသာဖြစ်ပြီး ဦးဝင်းဇင်ဦးထံ သီးသန့်လေ့ကျင့်နေသူ ဖြစ်သည်။ ၂၀၀၀ပြည့်နှစ် ရွှေခါးပတ် ချန်ပီယံလုပွဲ၌ အောင်မြင်မှုရရှိခဲ့သော နည်းပြဦးကျော်စိုး၏ တပည့်များ ယခုပြိုင်ပွဲ၌ မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်ခဲ့ကြရသည်။ အကြိုဗိုလ်လုပွဲစဉ်၌ ထစ်ချုန်း (KLN)က ဇာနည်မင်း (မြွေဟောက်မင်း)ကို တတိယအချီ ၂မိနစ်၉စက္ကန့်၌ အနိုင်ရရှိခဲ့သည်။ ထစ်ချုန်း အသာစီးမှထိုးသတ်နိုင်ခဲ့၍ ဇာနည်မင်း မဟန်နိုင်ဘဲဖြစ်ခဲ့ရာ အကူ လူများက မျက်နှာသုတ်ပဝါပစ်တင်ပြီး အရှုံးပေးခဲ့ခြင်း ဖြစ်သည်။

ရွှေကျည်ဆံနှင့် ထစ်ချုန်းတို့ အလုံးအထည်ချင်း ယှဉ်လျှင် ရွှေကျည်ဆံက အသာစီးမှရှိသည်။ အောင်မြင့်စိန်ကို စောစောစီးစီးပွဲသိမ်းနိုင်သလို ထစ်ချုန်းကိုတော့ရမည် မထင်ချေ။ ထစ်ချုန်းကငယ်ဂုဏ်ရှိပြီး ခပ်ရမ်းရမ်း ဝင်ထိုးသတ်သူမဟုတ်ဘဲ ပညာသားပါပါ ချက်ကျလက်ကျထိုးသူဖြစ်သည်။ ဘီလပ်မြေစက်ရုံကလပ်မှ လက်ဇေ့ကျော်များ လက်သီးပြင်းသလောက် အကြောမာကြသည်ဖြစ်ရာ အပေါ်စီးက ထိုးသတ်မည့်ပုံပေါ်သည်။ KLN ကလပ်အတွက် သိက္ခာဆယ် ရွှေခါးပတ်ဆုရရှိအောင် ထစ်ချုန်း ရေကုန်ရေခန်း ယှဉ်ပြိုင်မည်ကတော့ သေချာသည်။

ဘင်တန်ဝိတ်တန်း

ဘင်တန်ဝိတ်တန်း ၅၄ ကီလို ဗိုလ်လုပွဲစဉ်အဖြစ် ဒေါနအောင် (ကျွဲမင်း)နှင့် အသဲစွဲ (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင် ထိုးသတ်ရမည်ဖြစ်သည်။ ဝါးရုံပင်ကျွဲခတ်သလို ထိုးတတ်သည့် ကျွဲမင်းကလပ်မှ ဒေါနအောင်နှင့်လက်သီးမောင်မောင်နှင့် သားရွှေသွေးတို့ကို အလဲအကွဲထိုးပြခဲ့သော အသဲစွဲတို့ပွဲမှာ လက်ရည်တူ၍ ပွဲကြီးပွဲကောင်း ကြည့်ရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်၌ ဒေါနအောင် (ကျွဲမင်း)က သိုးကောင်း (မြန်မာပြည်သား)ကို အမှတ်ဖြင့်အနိုင်ရရှိခဲ့သည်။ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ ဒိုင်လူကြီးငါးဦးစလုံးက ဒေါနအောင်ကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲ၌ ကျွဲမင်းကလပ်မှ လက်ဇေ့ကျော်များ အသည်းမာမာ ဖွဲပါပါထိုးနိုင်ကြ၍ ပရိသတ်အကြိုက်တွေ့ခြင်း ခံရသည်။ ကျွဲမင်းကလပ်က နာမည်နှင့်လိုက်အောင် တိုက်ကျွဲ၊ လိုက်ကျွဲ၊ ခတ်ကျွဲများဖြစ်သည်။ “လာ သူငယ်ချင်း ထိုးစမ်း”ဆိုသည့် မျက်နှာပေးဖြင့် ထိုးသတ်တတ်ကြသည်ဖြစ်ရာ အသဲစွဲကို အသည်းခွဲနိုင်မလား စောင့်ကြည့်ရမည်။

အသဲစွဲ(ဘီလပ်မြေစက်ရုံ)ကလည်း ပြိုင်ဘက်ကို အသည်းထဲစွဲသွားအောင် ထိုးတတ်သူဖြစ်သည်။ ကွာတားဖိုင်နယ်၌ လက်သီးမောင်မောင်(မြားနက်)ကို ပထမအချီ ၂မိနစ် ၃၁စက္ကန့်၌ ကြမ်းပြင်ပေါ် လှဲသိပ်ခဲ့သည်။ လက်ရည်မမျှ၍ ဒိုင်လူကြီးက အသဲစွဲကို အနိုင်ပေးခဲ့ရာ လက်သီးမောင်မောင် လက်သီးစွမ်း မပြနိုင်ဖြစ်ခဲ့ရသည်။ အကြိုဗိုလ်လုပွဲ၌ သားရွှေသွေး(တောင်ကလေး)ကို စတုတ္ထအချီ ၄၂ စက္ကန့်၌ အကွဲထိုးပြီး အနိုင်ရခဲ့သည်။ သားရွှေသွေး နားထင်ကွဲပြီး သွေးထွက်များ၍ ဆရာဝန်က ဆက်ထိုးခွင့်မပြု၍ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဖယ်သာဝိတ်တန်း

ဖယ်သာဝိတ်တန်း ၅၇ ကီလို ဗိုလ်လုပွဲစဉ်အဖြစ် မိုက်ခဲ(ကျွဲမင်း)နှင့် ဒေါနပန်း(ကျွဲမင်း) တို့ယှဉ်ပြိုင် ထိုးသတ်ရမည်ဖြစ်သည်။ ကိုယ်အလေးချိန်အတန်းတစ်ခု၌ ကျွဲမင်းကလပ်မှလက်ဇေ့ကျော်နှစ်ဦးယှဉ်ပြိုင်ရာ နှစ်ဦးစလုံး ဗိုလ်လုပွဲသို့ တက်လာ၍ လူရင်းချင်းဆုံကြပြီ ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဇေ့ အားကစားနည်းမှာ တစ်ဦးနှင့် တစ်ဦး ထိခိုက်ဒဏ်ရာရရှိအောင်၊ နာကျင်အောင် ယှဉ်ပြိုင်ရသည့်သဘောရှိရာ လူရင်းချင်းဆုံပါက ပြိုင်ရန်ခက်သည့်အနေအထား ဖြစ်သည်။ သူကွဲလည်းမကောင်း၊ ကိုယ်ကွဲလည်းမကောင်း အသည်းကောင်းတိုင်း ထိုးဖို့ခက်လှသည်။

ရွှေခါးပတ် ချန်ပီယံလုပွဲဖြစ်၍ မည်သူ ရွှေခါးပတ်ဆုရှင်ဆိုသည်ကို အဖြေထုတ်ရမည်ဖြစ်သည်။ နှစ်ဦးစလုံး သတ်လုံးသတ်ပေါက်ကလည်း စုံလင်ပြီး ပရိသတ်အကြိုက် တွေ့ခြင်းခံရသူများ ဖြစ်သည်။ လိုက်ဝိတ်တန်းတွင် ဟိန်းညီညီနှင့် ဝင်းထွန်းတို့ လူရင်းချင်း အကြို ဗိုလ်လုပွဲစဉ်၌ ဆုံတွေ့ရာ ဟိန်းညီညီက ဆေးမအောင်၍ ဝင်းထွန်း ဗိုလ်လုပွဲသို့ အလိုအလျောက် တက်သွားသည့် သာဓကရှိသည်။ လူရင်းချင်း မယှဉ်ပြိုင်လို၍ ဟိန်းညီညီ ဆေးမအောင်ဟု အကြောင်းပြချက် ရှာသွားသလား စဉ်းစားစရာ ဖြစ်သည်။ မိုက်ခဲနှင့် ဒေါနပန်းတို့လည်း တစ်ဦးဦးက ဆေးမအောင်ဟုဆိုကာ ရှောင်ထွက်သွားလေမလား၊ ရွှေခါးပတ်ချန်ပီယံဆုကိုနိုင်သူ ယူစတမ်းဆိုပြီး အမှန်အကန် ထိုးသတ်ကြမလား စောင့်ကြည့်ရမည်ဖြစ်သည်။

မိုက်ခဲ(ကျွဲမင်း)က ကွာတားဖိုင်နယ်၌ စောအုန်းမြင့်(မြွေဟောက်မင်း)ကို စတုတ္ထအချီ ၂မိနစ် ၄၉စက္ကန့်၌ အနိုင်ယူခဲ့သည်။ အကြိုဗိုလ်လုပွဲ၌ ကျော်ဆန်း (KLN)ကို စတုတ္ထအချီ၌ အနိုင်ရရှိခဲ့သည်။ မိုက်ခဲနှင့် ထိုးခဲ့သည့် လက်ဇေ့ကျော်နှစ်ဦးစလုံး စတုတ္ထအချီမှာပင် အရှုံးပေးခဲ့ကြရသည်က ထူးခြားနေသည်။

ဒေါနပန်း(ကျွဲမင်း)က ကွာတား ဖိုင်နယ်၌ ရွှေရခိုင်(ရွှေဒေါပုံ)ကို တတိယအချီ ၅၇စက္ကန့်၌ အလဲထိုး အနိုင်ယူခဲ့သည်။ အကြိုဗိုလ်လုပွဲ၌ ဘီလပ်မြေမောင်မောင်(ဘီလပ်မြေ စက်ရုံ)ကို တတိယအချီ ၂မိနစ် ၄၆စက္ကန့် အလဲထိုးအနိုင်ယူခဲ့သည်။ ဒေါနပန်းနှင့် ထိုးသတ်ခဲ့သည့် လက်ဇေ့ကျော် နှစ်ဦးစလုံး တတိယအချီ၌ အလဲထိုး ခံရပုံချင်း တူညီနေသည်။

လိုက်ဝိတ်တန်း

လိုက်ဝိတ်တန်း ကီလို၆၀ ဗိုလ်လုပွဲစဉ်အဖြစ် စောလူမင်း(တောင်ကလေး)နှင့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း) တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ စောလူမင်း(တောင်ကလေး) ဘိုင်ရသဖြင့် ကွာတားဖိုင်နယ်ပွဲမပြိုင်ရဘဲ အကြိုဗိုလ်လုပွဲစဉ်မှ စပြိုင်ရသည်။ အကြိုဗိုလ်လုပွဲစဉ်၌ သမ္ဘာရင့်၊ ဝါရင့် စောသဲမျိုး (KLN)ကို ပထမအချီ ၂မိနစ် စက္ကန့် ၆၀၌ ဒူးတိုက်ပြီး အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။ စောလူမင်း၏ လက်ရည်ကိုပြည့်ပြည့်ဝဝ မသိရသေးခင် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။ တောင်ကလေးကလပ်မှ လက်ဇေ့ကျော်များက တုံးတိုက်တိုက် ကျားကိုက်ကိုက် ယှဉ်ပြိုင်ထိုးသတ်တတ်ကြသူများဖြစ်၍ စောလူမင်းကို လျှော့တွက်၍ မရချေ။

၂၀၀၀ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း (လယ်ယာဆည်မြောင်း)က လောလောဆယ်မှာ သူ့ဝိတ်တန်း၌ ပြိုင်ဘက်မရှိ မင်းမူနေသည်။ ကွာတားဖိုင်နယ်၌ ရွှေနိုင်မင်း(မြွေဟောက်မင်း)ကို ပထမအချီ ၄၇စက္ကန့်၌ အလဲထိုးအနိုင်ယူခဲ့သည်။ ဝင်းထွန်း ချွေးပင်ကောင်းကောင်း မထွက်ဘဲ အကြိုဗိုလ်လုပွဲသို့ တက်လာခြင်းဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်၌ ဟိန်းညီညီ(အလင်းရောင်)နှင့် ယှဉ်ပြိုင်ရန်ဖြစ်သော်လည်း ဟိန်းညီညီဆေးမအောင်၍ ဝင်းထွန်း ဗိုလ်လုပွဲသို့ အလိုအလျောက် တက်လာခဲ့သည်။

ဝင်းထွန်း ဆန္ဒမစောဘဲ ပုံမှန်လက်ရည်အတိုင်း ထိုးနိုင်ခဲ့လျှင်ပင် ရွှေခါးပတ်ဆု ဆွတ်ခူးရန် အလားအလာကောင်းနေသည်။ စောလူမင်းက တက်လူဖြစ်၍ အတွေ့အကြုံနှင့် သမ္ဘာ၌ ဝင်းထွန်းကို ယှဉ်နိုင်ရန်မလွယ်ချေ။ စောသဲမျိုးကို ဒူးတိုက်ပွဲသိမ်းသလို တစ်ချက်ကောင်း စောင့်လုပ်ရန်သာ မျှော်လင့်ထားရမည့် အနေအထားဖြစ်သည်။ ဝင်းထွန်း၏ သက်လုံသတ်လုံး သတ်ကွက်ကို ပရိသတ်များက အားရပါးရ ကြည့်ချင်ကြပေလိမ့်မည်။

လိုက်ဝယ်လ်တာဝိတ်တန်း

လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ ဒသမ၅ကီလို ဗိုလ်လုပွဲစဉ်အဖြစ် နဂါးလေး(မြွေဟောက်မင်း)နှင့် ကြယ်လင်းအောင်(တောင်ကလေး)တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နဂါးလေး (မြွေဟောက်မင်း) ဘိုင်ရသဖြင့် ကွာတားဖိုင်နယ်ပွဲ မပြိုင်ရဘဲ အကြိုဗိုလ်လုပွဲစဉ်၌ စောဝီလျံသိန်း(မရမ်းကုန်း)ကို အမှတ်ဖြင့် အနိုင်ရခဲ့သည်။ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ အမှတ်ပေးစနစ်ဖြင့်ဆုံးဖြတ်ရာ ဒိုင်လူကြီး ငါးဦးစလုံးက နဂါးလေးကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ နဂါးလေးအနိုင်ရခဲ့သော်လည်း လက်ရည်အကောင်းကြီး မဟုတ်ချေ။ စောဝီလျံသိန်းမှာ ခံနိုင်ရည်ကောင်းသည်က လွဲ၍ သတ်လုံးသတ်ပေါက် အကောင်းကြီးမဟုတ်၍ နဂါးလေး အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကြယ်လင်းအောင်က တောင်ကလေးကလပ်၏ တောက်ပလာသော ကြယ်တစ်ပွင့်ဖြစ်သည်။ ကွာတားဖိုင်နယ်၌ မာကြောလှသော အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)ကို ဒုတိယအချီ ၁မိနစ်၅၈စက္ကန့်၌ အကွဲထိုးပြီး အနိုင်ရရှိခဲ့သည်။ အကြိုဗိုလ်လုပွဲ၌ ဂျပန်ပြန် စောဖွဲလေး (KLN)ကို စတုတ္ထအချီ ၁ မိနစ် ၅၈ စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။ စောဖွဲလေးကို အနိုင်ရသောပွဲတွင် ကြယ်လင်းအောင်၏ အသည်းကောင်းပုံနှင့် လက်ရည်လက်သွေးကို အထင်အရှားမြင်ခဲ့ကြရသည်။ ဝါးပိုးမျှစ်စို့ကြီးလို တုတ်တုတ်ခိုင်ခိုင် ရှိလှပြီး တစ်ချိန်ကလက်ဇေ့ကျော် ဝမ်ချိုင်းကဲ့သို့ အားနှင့်မာန်နှင့် ဝုန်းဒိုင်းကြဲ ထိုးသတ်တတ်သူဖြစ်သည်။

ကြယ်လင်းအောင်၏ ခြေကန်ချက်နှင့် ဝါးထိုးဝါးကြေ၊ ကျားထိုးကျားသေဆိုသော လက်သီးချက်ကို နဂါးလေး ခံနိုင်မည်မထင်ချေ။ နဂါးလေးနှင့် ကြယ်လင်းအောင်တို့ လာဆုံသည်မှာ နဂါးလေး အဖို့ ကံဆိုးခြင်းဟုသာ ဆိုရမည်ဖြစ်သည်။ နဂါးလေး အမောက်ထောင်ပြရန် နေနေသာသာ ပထမအချီ၌ ပွဲမသိမ်းလျှင် ခံနိုင်ရည်ကောင်းသည်ဟု ချီးကျူးရမည်ဖြစ်သည်။

ဆက်လက်တင်ဆက်မည်

ဝယ်လ်တာဝိတ်တန်း ၆၇ ကီလို၊ လိုက်မစ်ဒယ်ဝိတ်တန်း ၇၁ ကီလို၊ မစ်ဒယ်ဝိတ်တန်း ၇၅ ကီလိုနှင့် မစ်ဒယ်အထက် အလွတ်တန်းဗိုလ်လုပွဲစဉ်များ အကြိုသုံးသပ်ချက်ကို မြန်မာ့အလင်း ပရိသတ်များအတွက် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

ရွှေခါးပတ်ဆု

ဗိုလ်လုပွဲစဉ်များဝင်ကြေးအဖြစ် ရိုးရိုးတန်း ကျပ်သုံးထောင်၊ အထူးတန်း ကျပ်ငါးထောင် သတ်မှတ်ထားသည်။ ကြိုတင်လက်မှတ်များကို အမျိုးသားအားကစားပြိုင်ပွဲရုံ သုဝဏ္ဏနှင့် ဇော်ပစ်တိုင်းထောင် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး အမှတ် ၁၇၄ (မြေညီထပ်) ၃၅လမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့၌ ဝယ်ယူနိုင်ကြောင်း သိရသည်။ တတိယအကြိမ် မြန်မာ့ရိုးရာလက်ဇေ့ ရွှေခါးပတ် ချန်ပီယံလုပွဲ အောင်မြင်ဖြစ်မြောက်ရေးအတွက် Myanmar Towards Co.,Ltd. က အဓိကပံ့ပိုးကူညီဆောင်ရွက်ပေးသည်။ ရွှေခါးပတ်ချန်ပီယံလုပွဲ ဗိုလ်လုပွဲစဉ်များအပြီးတွင် ရွှေခါးပတ် ဆုများကို ချီးမြှင့်သွားမည်ဖြစ်ရာ ပရိသတ်အကြိုက် ပွဲကောင်းများဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဓမ္မာစရိယ စာဝါပို့ချမည်

ရန်ကုန် မေ ၁၉

အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ် နာယကချုပ် ဝါကျဉယျာဉ် ကျမ်းပြုဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မထေရ်သည် ဓမ္မာစရိယကျမ်းရင်းသုံးကျမ်းစာဝါသင်တန်းကို ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းလမ်းနှင့် ရတနာလမ်းထောင့်ရှိ အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်ကျောင်းတိုက်တွင် (၁၃၆၈ ခုနှစ် နယုန်လဆန်း၁ရက်) မေ၂၇ရက် (စနေနေ့)မှစတင်၍ သီတင်းကျွတ်လဆန်း၁၄ရက်အထိ မွန်းလွဲ၁နာရီခွဲမှ ၂နာရီခွဲအထိတစ်ကြိမ်၊ ညနေ၃နာရီမှ ၄နာရီအထိ တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ် စာဝါပို့ချမည်ဟု သိရသည်။

(က-ပ)

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင်ပရိယတ္တိစာသင်တိုက်အတွင်း ထာဝရ ရေပဒေသာပင် အပင် ၁၀၀၀စိုက်ထူလှူဒါန်းမည်ဖြစ်ရာ ရေပဒေသာပင် တစ်ပင်လျှင် ကျပ် ၁၂၀၀၀ဖြင့် ၁၀ပင်အတွက် ကျပ် ၁၂၀၀၀၀ကို ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သူရိယ၏ ရှေ့မှောက်၌ အမှတ် ၁၆၅ အေးသိဒ္ဓိရိပ်သာ ၂ လမ်း ရွာမအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နေ ဦးစန်းမောင်အား ရည်စူး၍ ဇနီးဒေါ်လှခင်မိသားစုက ဂေါပကဥက္ကဋ္ဌ ဦးစံရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၉

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် သန်လျင်ရေတပ် တပ်နယ်အားကစားကွင်း၌ကျင်းပရာ ရန်ကုန်တပ်နယ်နှင့်သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်နှင့် မိသားစုများ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုနှင့် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး ၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် အသင်းအား တံခွန်စိုက်ဖလားဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေက ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၉ ရက်က ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင်ကျင်းပမည့် အာရှအမျိုးသားကလပ်အသင်းများ ဘော်လီဘောပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲမည့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ခေါင်းဆောင်သည့် အေးရှားဝေါလ်(မြန်မာ) အမျိုးသားကလပ်အသင်းအား အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်း တွေ့ရစဉ်။ (မြန်မာ့အလင်း)

ကမ္ဘာကျော်တို့ ပါဝင်သည့် ပြင်သစ်အသင်း ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားကို အရယူနိုင်မည်လား

ပြုစုရေးသားသူ

မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၁၉

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကျင်းပရန် အချိန်တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများ အနေဖြင့် လူစာရင်းများကိုလည်း ထုတ်ပြန်နေပြီဖြစ်ရာ နောက်ဆုံးအဆင့် ပြင်ဆင်မှုအနေအထားများ ရောက်ရှိနေချိန်ဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ၃၂ သင်းမှ ပြင်သစ်အသင်း၏ အနေအထားကို မြန်မာ့အလင်း ဘောလုံးဝါသနာအိုးတို့ ကြိုတင် သိရှိစေရန် Yangon Entertainment Ltd. မှ ရရှိသော အချက်အလက်များကို အခြေခံကိုးကားပြီး ဆက်လက် ဖော်ပြလိုက်ပါသည်။

ပြင်သစ်အသင်း

၁၉၃၀ပြည့်နှစ်ကတည်းက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို စတင်ဆင်နွှဲလာသော ပြင်သစ်အသင်းသည် အောင်မြင်မှုအနေဖြင့် ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။ ကမ္ဘာကျော် ဘောလုံးသမား အများအပြားကို မွေးထုတ်ပေးနိုင်ခဲ့သော ပြင်သစ်တို့ ကမ္ဘာ့ဖလားပွဲတိုင်း ဗိုလ်စွဲမည်ဟု ရေပန်းစားတတ်သည့် အသင်းလည်းဖြစ်သည်။

ခြေစစ်ပွဲအောင်မြင်

နာမည်ကြီးပြင်သစ်အသင်းသည် ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဥရောပဇုန်အုပ်စု(ဃ)တွင် ပြိုင်ဘက်အသင်းများကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ခဲ့ရပြီးမှ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။



ပြင်သစ်နည်းပြ

၂၀၀၆ ဂျာမနီ ကမ္ဘာ့ ဖလား ပြိုင်ပွဲဝင် ပြင်သစ် ဘောလုံးအသင်း နည်းပြ ရေမွန်ဒိုမီနစ်ချ်။

(ဓာတ်ပုံ-အင်တာနက်)

ကြိုးစားမည်

ပြင်သစ်အသင်းအနေဖြင့် နိုင်ငံ့လက်ရွေးစင်ဖြစ်မှ အနားယူထားသော ဇီဒန်း၊ လီလီယန်သူရမ်နှင့် မက်ခီလီလီတို့ ပြန်လည်ကစားခဲ့သည့်အတွက် အင်အားတောင့်တင်းသည့်အသင်းဖြစ်လာသည်။ ဘောလုံး ခြေစွမ်းထက်မြက်သည့် ကမ္ဘာကျော်ဘောလုံးသမားများ ပါဝင်သည့် ပြင်သစ်အသင်းသည် အသင်းလိုက်ထက် တစ်ဦးချင်း စွမ်းရည်ထက်မြက်သော ဘောလုံးသမားအများစုပါဝင်ရာ ၂၀၀၂ ကမ္ဘာ့ဖလားနှင့် ၂၀၀၄ ဥရောပပြိုင်ပွဲများ၌ အောင်မြင်မှုလက်လွတ်ခဲ့ရသည့် အဖြစ်မျိုး ထပ်မံမကြုံတွေ့အောင် ကြိုးစားမည်မှာ သေချာသည်။

ပြင်သစ်အနေဖြင့် ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားကို အရယူရန် ကစားသမားတိုင်း စိတ်ဓာတ် ထားရှိနေသည်။

နည်းပြ

ပြင်သစ်အသင်းနည်းပြမှာ ရေမွန်ဒိုမီနစ်ချ်ဖြစ်သည်။ စွမ်းရည်ထက်မြက်သော ဘောလုံးသမားများကို နေရာမှန်နှင့် ကစားကွက်ဗျူဟာ ကောင်းကောင်း ခင်းကျင်းနိုင်သူဖြစ်သည်။ ဥရောပဇုန် အုပ်စု(ဃ)၌ ပြင်သစ်တို့ အုပ်စုဗိုလ်ဖြင့် ခြေစစ်ပွဲအောင်ရန် ရေမွန်ဒိုမီနစ်ချ် လုပ်ပြခဲ့သည်။

မှတ်တမ်းတင်မည်

ဇီဒန်း၊ အွန်နရီ၊ မက်ခီလီလီနှင့် လီလီယန်သူရမ်တို့ကဲ့သို့ ကမ္ဘာကျော်ဘောလုံးသမားများ စွမ်းအားဖြင့် ၂၀၀၆ ကမ္ဘာ့ဖလားကို အရယူမည်ဟု ကြုံးဝါးထားသည်။ ပြင်သစ်တို့ ၂၀၀၆ ကမ္ဘာ့ဖလားကို အရယူကာ ကမ္ဘာ့အင်အားကြီး ဘောလုံးအသင်းတစ်သင်းအဖြစ် မှတ်တမ်းတင်မည်ဖြစ်ကြောင်းလည်း ရေမွန်ဒိုမီနစ်ချ်က ပြောကြားသည်။

အဓိကစွမ်းအားရှင်

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဟု အကြိမ်ကြိမ်စာရင်းဝင်နေပြီး လက်တွေ့၌ တစ်ကြိမ်တစ်ခါမျှ မရခဲ့ဖူးသေးသော်လည်း အွန်နရီ၏ခြေစွမ်းကို ကမ္ဘာ့ဘောလုံးပရိသတ်တို့ အသိအမှတ်ပြုထားရပြီဖြစ်သည်။ ယခုနှစ် ပရီမီယာလိဂ်၌ ဂိုးအများဆုံးသွင်းနိုင်သူဖြစ်ပြီး လျင်မြန်မှု၊ ဘောလုံးအထိန်းအသိမ်းကျွမ်းကျင်မှုနှင့် သေသပ်လှပသော ဂိုးများသွင်းနိုင်မှုတို့က အွန်နရီ၏ အရည်အချင်းများပင် ဖြစ်သည်။

စွယ်စုံရအရည်အသွေး

အွန်နရီ၏အားသာချက်မှာ အခြားသူများ ဂိုးသွင်းနိုင်အောင် ဖန်တီးပေးနိုင်သလို ကိုယ်တိုင်လည်း ထိုးဖောက်ဂိုးသွင်းနိုင်ခြင်း ဖြစ်သည်။ အွန်နရီ၏ စွယ်စုံရအရည်အသွေးများသည် ပွဲတိုင်းလွှမ်းမိုးထားနိုင်ပြီး ပရီမီယာလိဂ်၌ ဂိုးသွင်းစွမ်းရည် အထက်မြက်ဆုံး ဘောလုံးသမားတစ်ဦး ဖြစ်သည်။



ပြင်သစ်အသင်းအတွက် အဓိကအားထားရမည့် အွန်နရီ။

(ဓာတ်ပုံ-အင်တာနက်)

အွန်နရီ

အွန်နရီသည် ဥရောပရွှေဖိနပ်ဆုနှစ်ကြိမ်ရရှိထားပြီး လက်ရှိအာဆင်နယ်အသင်း၌ ဂိုးအများဆုံးသွင်းထားနိုင်သည့် တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သည်။ ပြင်သစ်အသင်း ကမ္ဘာ့ဖလားရရှိနိုင်ရေးကို အဓိကပံ့ပိုးပေးနိုင်သူဖြစ်ရာ အွန်နရီအပေါ် နည်းပြ ဒိုမီနစ်ချ်က အားထားလျက်ရှိသည်။

ပြင်သစ်လက်ရွေးစင်ဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)

ဆင်နွှဲရမည့်ပွဲစဉ်

ပြင်သစ်အသင်းသည်ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စု(ဆ)တွင် ပါဝင်နေပြီး ဇွန် ၁၃ရက်၌ ဆွစ်ဇာလန်၊ ဇွန်၁၈ ရက်တွင် တောင်ကိုရီးယားနှင့် ဇွန်၂၃ ရက်၌ တိုဂိုအသင်းတို့နှင့် အုပ်စုပွဲများ ကစားရမည်ဖြစ်သည်။

ကံကောင်းခြင်းနှင့်စတင်

အုပ်စု (ဆ)တွင် ပါဝင်သည့် အသင်းများ၏ အနေအထားအရ ပြင်သစ်တို့အုပ်စုမှတက်ရန် အလားအလာအကောင်းဆုံး ဖြစ်နေပြီး ပြိုင်ဘက်အသင်းများနှင့် ယှဉ်လျှင် အုပ်စုချောင်နေသည်။ ကမ္ဘာ့ဖလား ပွဲစဉ်အစ၌ ပြင်သစ်တို့ ကံကောင်းခြင်းနှင့် စတင်ပြီဖြစ်ရာ ကမ္ဘာ့ဖလားကို အရယူနိုင်မှု ရှိမရှိ စောင့်ကြည့်အကဲခတ်ရမည်ဖြစ်သည်။ ။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

တန်ပြန်ရိုက်ချက်

အီတလီနိုင်ငံ ရောမမြို့တွင် မေ ၁၇ ရက်က ကျင်းပသည့် ရောမမာစတာ တင်းနစ်ပြိုင်ပွဲတွင် ဂျပန်မှ အီကိုနာကာမူရာဘက်သို့ တန်ပြန်ရိုက်ချက်ကစားနေသော ဂျာမနီ တင်းနစ်မယ် အင်နာလီနာဂလိုနီဖီးလ်၏ ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် စူပါမစ်ဒယ်ဝိတ်တန်းလက်ဝှေ့ပွဲ ဩစတြေးလျနိုင်ငံသား ဂျွန်ဟိုပေါတီဗိုလ်စွဲ

ဆစ်ဒနီ မေ ၁၉

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ မေ ၁၇ ရက်က ကျင်းပသော ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ စူပါမစ်ဒယ်ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲတွင် ဂျွန်ဟိုပေါတီက ဖရန့်ဖာရာဆိုလိုကို အနိုင်ရရှိခဲ့သည်။

ဂျွန်ဟိုပေါတီ အနေဖြင့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ စူပါမစ်ဒယ်ဝိတ်တန်း လက်ဝှေ့ပွဲကို ပထမဆုံးအကြိမ် စတင်ထိုးသတ်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

အမှတ်ဖြင့်အနိုင်ရရှိ

ဂျွန်ဟိုပေါတီသည် ဖရန့်ဖာရာဆိုလိုကို အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဒိုင်လူကြီးသုံးဦးစလုံးက တညီတညွတ်တည်း အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဂျွန်ဟိုပေါတီ၏ ထိုးသတ်ဟန်

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ မေ၁၇ ရက်က ကျင်းပသည့် ဒဗလျူဘီအေ စူပါမစ်ဒယ်ဝိတ်တန်း လက်ဝှေ့ပွဲ၌ အနိုင်ရရှိသွားသည့် ဂျွန်ဟိုပေါတီ(ဝဲ)**၏ ထိုးသတ်ဟန်။**

(ဓာတ်ပုံ-အင်တာနက်)

အမျိုးသမီးများကိုယ်ကာယကြံ့ခိုင်မှုသင်တန်း မန္တလေး ချမ်းအေးသာစံမြို့နယ်၌ဖွင့်ခဲ့

မန္တလေး မေ ၁၅

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်း၊ မြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာ၊ ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်နန်းအေးမြနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မေ ၁၁ ရက် နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်း မိုးလုံလေလုံခန်းမ၌ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)သင်တန်းသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ဝဲပုံ)**

အမှာစကားပြောကြား

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက မန္တလေးခရိုင် မြို့နယ်ခုနစ်မြို့နယ်မှ သင်တန်းသူ ၁၁၆ ဦး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများပြုလုပ်နေမှုများကို ကြည့်ရှုအားပေး၍ သင်တန်းတွင် သင်ကြားပေးနေသောနည်းပြများအား ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး မန္တလေးတိုင်းအမျိုးသမီး ရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းမှာ မေ ၂ ရက်မှ ၁၅ ရက်အထိ လေ့ကျင့်သင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများ မေ ၂ ရက်က အုတ်ဖိုမြို့နယ်စည်ပင်သာယာရေး အဖွဲ့ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လမ်းများတိုးတက်ကောင်းမွန်မှုနှင့် ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လမ်းများအခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။

(၀၇၄)

ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တဥတ္တရအား ဂုဏာဝိသိဋ္ဌပူဇာပွဲကျင်းပမည်

ဖျာပုံ မေ ၁၇

နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဂန္ထဝါစက ပဏ္ဍိတဘွဲ့ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ၏ တပည့်ဖြစ်သူ ထန်းပင်ကျောင်းပရိယတ္တိစာသင်တိုက်မှ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥတ္တရအား ဂုဏာဝိသိဋ္ဌပူဇာသဘင်ပွဲကို မေ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့ မဏိရတနာကျောင်းဆောင်၌ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်ကြီးမှူးလျက် တပည့်ဒါယကာ ဒါယိကာမများက ကျင်းပမည်။ **(၁၅၈)**

အခြေခံကွန်ပျူတာသင်တန်းဆင်း

ယင်းမာပင် မေ ၁၃

အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကို မေ ၉ ရက် နံနက် ၉ နာရီက ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့အလင်း ခေတ်မီစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြဝင်းကြည်က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် မေ ၁ ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းအင်အားမှန်ကန်မှုရှိမရှိစစ်ဆေးပြီး လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဖလမ်းမြို့၌ သူနာပြုသင်တန်းဆင်း

ဖလမ်း မေ ၁၂

ချင်းပြည်နယ် ဖလမ်းမြို့ အမှတ်စဉ်(၁၁) ဒီပလိုမာသူနာပြုသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၀ ရက် နံနက် ၁၀ နာရီခွဲက သူနာပြုသင်တန်းကျောင်း သဇင်ဆောင်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်၊ ချင်းပြည်နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမောင်မောင်အောင်ကျော်၊ ခရိုင်ဆေးရုံအုပ်ကြီး သင်တန်းကျောင်းကြီးကြပ်ရေးစီမံဥက္ကဋ္ဌ ဒေါက်တာဝင်းအောင်နှင့် သင်တန်းကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ သင်တန်းဆင်းမည့် သင်တန်းသူ သင်တန်းသားများအား ကျောင်းသူ ကျောင်းသားများကိုယ်စား ပထမနှစ်သင်တန်းသူ မဆွီးရဲမ်ကြိုင်းက နှုတ်ဆက်စကားပြောကြားပြီး သင်တန်းဆင်းမည့် သင်တန်းသူ သင်တန်းသားများကိုယ်စား မအွမ်ဒေါသီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မကြီးရင်းကျေးရွာ နှစ်လက်မစက်ရေတွင်းတူးဖော်မှုကို မေ ၅ ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြင့်စန်းဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အစိုးရ်နေလျက် အခက်မချိုး
မျှစ်ကိုချိုးလည်း ဝါးမျိုးမသတ်
ဝတ်ရည်ကိုစား ပန်းများမခြွေ
စိမ်းနေဦးမည့် ဒို့တောမြေ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်
၂၁-၅-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှုတချို့) (သိပ္ပံမှူးတင်)
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (စက်မှုစားကုန်အတွက် စက်ရုံသန့်ရှင်းရေး အရေးပါပုံ အကြောင်း) (အပိုင်း-၁)
၁၁း၃၀ မေတို့တွက်တာ လုကမ္ဘာ (ပွဲတက် ရုံးတက် အပြင်ထွက်ဖို့ အိတ်ကမ္ဘာလေးစီသွားကြစို့)
၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) စိမ်း
(၂) ချစ်သူ့လိုရာ
(၃) ဒို့များအချစ်က သုံးနဲ့လေး
၁၂း၀၀ ကလေးများအတွက် ပုံပြင် (ငွေယုန်ကယ်လိုက်ပြန်ပြီ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အငိုမျက်လုံး အပြုံးမျက်နှာ)
၁၃း၁၀ ယဉ်ကျေးမှု အနုပညာ (မြန်မာဘုရင်ခေတ် မင်းမှုထမ်းများ) (ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇း၀၀ တေးသံစုံ (စန္ဒရားစစ်ကိုင်းလှရွှေအဖွဲ့)
၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ဟံသာဝတီ ဦးဘရင်၏ ဇာတိမာန်သရုပ်ဖော် မင်းခေါင်ကြီး)(ညွှန့်ဟံ-ကြူတော)
၁၇း၃၀ သူ့အလှည့် (အောင်ချင်း)
၁၈း၄၅ အာယုနှင့် သာစုဆွေးနွေးခန်း
၁၉း၁၅ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ပုလဲဝင်းနှင့်ဆွေးနွေးခန်း)
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working Knowledge
၂၀း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်တဲ့သူငယ်လေ
(၂) အလွမ်းပန်းချီထဲက အတွေးအိမ်ကလေး
(၃) အကျည်းတန်ချစ်သူ

ရေနုတ်မြောင်းတူးဖော်

ဖြူး မေ ၁၇

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးအောင်သန်း ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် မေ ၁၄ရက်က ဖြူးမြို့ အမှတ်(၁)လမ်းဘေး ရေနုတ်မြောင်းကို သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ကျောင်းကုန်း၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ကျောင်းကုန်း မေ ၁၇

ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း သုံးကေ မြို့ဝင်တိုးဂိတ်အနီး စိုက်ပျိုးထားမှုကို မေ ၁၅ ရက် နံနက် ၇ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ စိုက်ခင်းတွင် ခြံစည်းရိုး ကြက်ဆူပင်များကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ၁၂၀၅ ပင်၊ မြို့နယ် သစ်တောဦးစီးဌာနက အပင် ၁၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အပင် ၇၀၀၊ မြို့နယ်လူမှုရေးအသင်း အဖွဲ့များက အပင် ၇၀၀ တို့ကို စုပေါင်းစိုက်ပျိုးထားသည့် စိုက်ခင်းများဖြစ်သည်။ **(၂၆၅)**

နိုင်ငံခြားစက္ကူ(၅)မျိုး ဝယ်ယူလိုခြင်း

စဉ်	ပစ္စည်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းရမည့်နေရာ	အရေအတွက်
၁	၂	၃	၄	၅
၁	Foreign Duplex Board (270 GSM) (31" x 43") (100 Sheets)	၃၆၄၂–ထုပ် (အထုပ်သုံးထောင်ခြောက် ရာလေးဆယ်နှစ်တိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ အဏုဇီဝဆေးဝါးလုပ်ငန်းစက်ရုံ(ရေခါး) (မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်) အလှကုန်ပစ္စည်းစက်ရုံ ဆပ်ပြာစက်ရုံများ(ဆပ်ပြာစက်ရုံအမှတ်–၁ တွင်ပေးသွင်းရန်)	၇၅၀–ထုပ် ၆၆၅–ထုပ် ၅၀၀–ထုပ် ၁၇၂၇–ထုပ်
၂	Art Paper (85 GSM) (31" x 43") (250)Sheets	၂၂၃၂–ထုပ် (အထုပ်နှစ်ထောင့်နှစ်ရာ သုံးဆယ်နှစ်တိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ အဏုဇီဝဆေးဝါးလုပ်ငန်းစက်ရုံ(ရေခါး) (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင် ပေးသွင်းရန်) အလှကုန်ပစ္စည်းစက်ရုံ ဆပ်ပြာစက်ရုံများ(ဆပ်ပြာစက်ရုံအမှတ်–၁တွင်ပေးသွင်းပါရန်	၄၀၀–ထုပ် ၂၃–ထုပ် ၅၀–ထုပ် ၁၇၅၉–ထုပ်
၃	Sticker Paper (Japan) (21"x30") (100˚Sheets)	၂၃၄–ထုပ် (အထုပ်နှစ်ရာသုံးဆယ့်လေးတိတိ)	အဏုဇီဝဆေးဝါးလုပ်ငန်းစက်ရုံ(ရေခါး) (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင် ပေးသွင်းရန်)	၂၃၄–ထုပ်
၄	Woodfree Printing Paper (60)GSM (31"x43") (500)Sheets	၂၈၉–ထုပ် (အထုပ်နှစ်ရာရှစ်ဆယ့်ကိုးတိတိ)	အဏုဇီဝဆေးဝါးလုပ်ငန်းစက်ရုံ(ရေခါး) (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင် ပေးသွင်းရန်)	၂၈၉–ထုပ်
၅	Glaze Transparent Paper (30"x40")	၁၀၀–ထုပ် (အထုပ်တစ်ရာတိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ	၁၀၀–ထုပ်

တင်ဒါပိတ်ရက်။ ၂၅–၅–၂၀၀၆ (ကြာသပတေးနေ့) မွန်းလွဲ (၁၄း၀၀)နာရီ

မှတ်ချက်။ အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို ဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်–၆၆၃၄၈၁)

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

အမည်ပြောင်း

အဖ ဦးမင်းသန်းအောင်၏သား မော်လမြိုင်မြို့ အလက သုခဝတီကျောင်း ဇေယျာသီရိ စတုတ္ထတန်း(က)မှ မင်းချမ်းမျိုးအောင်အား ယနေ့မှစ၍ မင်းကျော်ကျော်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မင်းကျော်ကျော်ခိုင်။**

အမည်ပြောင်း

ပဲခူးတိုင်း ကဝမြို့နယ် အထက သက္ကလ ဒုတိယတန်းမှ ဦးတင်အေး KWA–၀၄၀၃၁၈ ၏ သမီး မရှိုးရှိုးအား မလဲ့လဲ့မိုးဟု ပြောင်းလဲခေါ်ပါရန်။ **မလဲ့လဲ့မိုး။**

အမည်ပြောင်း

ဦးဝင်းအောင်၏ သမီး အထက (၄)သဃ်န်းကျွန်း အဌမတန်း(A)မှ မသဲအိဇင် ၁၂/သဃက(နိုင်) ၁၆၇၄၈၃ အား မသစ်မွန်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသစ်မွန်အောင်။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်မျိုးညွန့် ၇/ပခန(နိုင်) ၂၇၁၁၅၃သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စရပ်များကို မိဘများမှ လုံးဝတာဝန်မယူကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိဘများ –ဦးဖိုးငြိမ်း–ဒေါ်တင့်
ကြယ်သုံးလုံးမုန့်ဟင်းခါးဖို၊
သနပ်ပင်လမ်းမ၊ ပဲခူး။

မြန်မာနိုင်ငံဓာတ်ပုံအသင်း အခြေခံဓာတ်ပုံသင်တန်း အမှတ်စဉ်(၃၅)ဖွင့်မည်

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ အခြေခံဓာတ်ပုံသင်တန်း အမှတ်စဉ်(၃၅) ကို ၁၂–၆–၂၀၀၆ မှ ၂၀–၉–၂၀၀၆ အထိ(၃)လခန့်ဖွင့်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများ(၁၉–၅–၂၀၀၆)ရက် (သောကြာနေ့)မှ စတင်၍ စာရင်းပေးသွင်းနိုင်ပါသည်။ သင်တန်းသားဦးရေ ကန့်သတ်ထား၍ အမြန်ဆက်သွယ်ပါရန်။ **ဆက်သွယ်ရန်–**

မြန်မာနိုင်ငံဓာတ်ပုံအသင်း
၂၇/၂၉ ပထမထပ်၊ ၃၅ လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၃၇၃၁၆၇။
ရုံးချိန်၊ မွန်းလွဲ(၁း၀၀)နာရီမှ ညနေ(၅း၀၀)အထိ။

၁–၅–၂၀၀၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ဦးတာကျော်နှင့် စပ်လျဉ်းသည့် ဒေါ်အေးအေးခိုင်နှင့် လှမြင့်(မင်းတုန်း) တရားရုံးချုပ်ရှေ့နေ(စဉ် ၁၃၁၅)၏ ကြော်ငြာချက်အား ပြန်လည်ရုပ်သိမ်းရန်သတိပေးကြေညာခြင်း။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် တိုက်(၁၆) အခန်း ၂၀၃ အောင်ဇေယျအိမ်ရာနေ ဦးတာကျော်(၁၁/ရဗန(နိုင်)၀၀၇၂၁၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁–၅–၂၀၀၆ ရက်စွဲဖြင့် ဦးတာကျော်အား ဒေါ်အေးအေးခိုင်နှင့်ပေါင်းသင်းစဉ်မည်သည့် ဖောက်ပြန်မှု တစ်စုံတစ်ရာမျှမရှိဘဲလျက် အထောက်အထားမဲ့ အိမ်ထောင်ရေးဖောက်ပြန်သည်ဟု အများပြည်သူ အမြင်မှား အထင်မှားဖြစ်အောင် ကြေညာမှု ၆–၃–၂၀၀၆ ရက်နေ့တွင် ဒေါ်အေးအေးခိုင် ကိုယ်တိုင်ဦးတာကျော်အား မိဘများနှင့်အတူ ဒုလ္လဘရဟန်းခံပေးခြင်း၊ ဝတ္ထုများ၊ ဆွမ်းစားစရိတ်များ ကပ်လှူပြီး ရဟန်းဘောင်သို့ သွတ်သွင်းပြီးနောက် ရဟန်းဘောင်တွင်ရှိနေစဉ် ကြိုတင်စီစဉ်လာသည့် စာချုပ်နှစ်စုံဖြင့် ဦးတာကျော်အား ဘုန်းကြီးဝတ်နှင့်ကျောင်းမှ ခေါ်ထုတ်သွားပြီးနောက် မပေါင်းနိုင်တော့၍ ကွာရှင်းစာချုပ်ကို ပြုလုပ်ပေးပါရန်နှင့် ထိုသို့ပြုလုပ်ပေးပါက စာချုပ်တစ်စောင်ဖြင့် ငွေကျပ် သိန်း ၅၀ နှင့် ဘုန်းကြီးဝတ်စဉ် ဒေါ်အေးအေးခိုင်ထံ အပ်နှံထားသည့် ရွှေထည်၊ စိန်ထည်ပစ္စည်းများအပါအဝင် ရွှေချိန် ၈၀ ကျပ်သားကို ဦးတာကျော်လူဝတ်လဲပြီးပါက ပြန်ပေးမည်ဟု ပြောဆိုပြီး စာချုပ်များပြုလုပ်ရယူပြီးနောက် ပစ္စည်းများအားလုံးကို ဦးတာကျော်အား မပေးဘဲ ဒေါ်အေးအေးခိုင်က ပစ္စည်းများကို တစ်ဦးတည်းမတရားရယူပြီး အများပြည်သူကြား အရှက်ရအောင် ကြေညာခဲ့ခြင်းနှင့် ဒေါ်အေးအေးခိုင်နှင့် ကွာရှင်းပြီးနောက် ဦးတာကျော်၏ ပတ်ဝန်းကျင်၌ ဒေါ်အေးအေးခိုင်နှင့် ပတ်သက်သည့်အနေအထားများ ထင်ယောင်ထင်မှားအနေဖြင့် ပြောဆိုဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုပြုမူနေမှုများအား ဤကြော်ငြာစာပါသည့်ရက်မှ ၁၀ ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ရုပ်သိမ်းမှုမရှိပါက အများပြည်သူအမြင်၌ ဂုဏ်သိက္ခာကျဆင်းအောင်ပြုမူမှုများအား အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်တင်တင်လတ်	**ဦးကျော်ရင်**
တရားရုံးချုပ်ရှေ့နေ(စဉ်– ၄၄၀၀)	**တရားရုံးချုပ်ရှေ့နေ(စဉ်– ၂၉၉၈)**
၂၅၈၊ ဦးထွန်းမြင့်လမ်း၊(၂၉)ရပ်ကွက်၊	**ရုံး(၂၈/၂၅) လမ်း၊ (၂) ရပ်ကွက်၊**
ဒဂုံမြောက်၊ ရန်ကုန်မြို့။	**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း–၀၉၅ ၁၃၇၀၁၅။	**ဖုန်း– ၂၀၁၄၀၅။**

MIRAI JAPANESE LANGUAGE

ဂျပန်နိုင်ငံတွင် (၁၁)နှစ်ကြာ ကျောင်းတက်ခဲ့သော ဂျပန်ပြန်ဆရာကိုယ်တိုင် မှန်ကန်သော အသံထွက်ဖြင့် အခြေခံမှစ၍ စနစ်တကျ သင်ကြားပေးပါမည်။ ဂျပန်သို့ အလုပ်သွားရောက်မည့်သူများ၊ ကျောင်းသွားတက်မည့်သူများ တက်ရောက်သင့်သည့် သင်တန်းဖြစ်ပါသည်။ မြန်မာနိုင်ငံ ဂျပန်သံရုံးမှ ကျင်းပသော(**Level Test**) များအတွက် အထူးသီးသန့်သင်တန်းနှင့် (**Guide**)လုပ်မည့်သူများအတွက်လည်း သင်တန်းရှိပါသည်။ **June** လဆန်း(ပထမ)တွင် သင်တန်းစမည်။ လဆန်းတိုင်း တန်းခွဲသစ်များလက်ခံမည်။

တစ်ပတ်(၃)ရက် **ဆက်သွယ်ရန်–ဖုန်း**
၅၅၉၅၅၆၊ ၀၉–၅၁၁၈၅၀၉၊
၀၉–၅၁၄၂၈၅၃။

SILOM VILLAGE

စားသောက်ဆိုင်နေရာရွှေ့ပြောင်းခြင်း

ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်း ၆မိုင်ခွဲ၊ အမှတ်(၆၉)တွင် SILOM VILLAGEအမည်ဖြင့် ဖွင့်လှစ်ခဲ့သော စားသောက်ဆိုင်ကို ၃၀–၄–၂၀၀၆ ရက်နေ့မှစ၍ ဖော်ပြပါနေရာတွင် ဆက်လက်ဖွင့်လှစ်ခြင်းမပြုတော့ဘဲ SILOM VILLAGE အမည်ဖြင့် နေရာသစ်တွင် ဆက်လက် ဖွင့်လှစ်မည်ဖြစ်ပြီး၊ မိတ်ဟောင်း မိတ်သစ်များ ဆက်လက်အားပေးနိုင်ရန်အတွက် ဖွင့်လှစ်မည့် နေရာသစ်နှင့် နေ့ရက်တို့ကို ထပ်မံကြေညာမည်ဖြစ်ပါကြောင်း။

SILOM VILLAGE **မိသားစု။**

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးလှမင်း စီဂျေ–၀၀၈၈၁၉ နှင့် ဒေါ်စန်းတင့်(ခ) ဒေါ်အမာနီအေးအေး–၀၉၅၀၀၄ တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသောကြောင့် နှစ်ဖက်ရှေ့နေများ ရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ နှစ်ဦး သဘောတူ တရားဝင် လက်မှတ်ရေးထိုး ကွာရှင်း ပြတ်စဲပြီးဖြစ်ပါကြောင်း။

ဦးလှမင်း။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ တွံတေး၌ကျင်းပ

တွံတေး မေ ၁၅

တွံတေးမြို့နယ် ကံဘဲ(စံပြ) ကျေးရွာ၌ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲကို မေ၁၂ရက် နံနက် ၇နာရီက အဆိုပါ စိုက်ခင်း၌ကျင်းပရာ စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်၊ အတွင်းရေးမှူး ဦးတင်မောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာရှိပြည်သူများ အင်အား ၃၀၀ တို့က ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးသော ၁၄၆ ဧကတွင် ခြံစည်းရိုးကြက်ဆူပင် ၁၇၅၂၀၀ ကို စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဗိုလ်ချုပ်လမ်းနှင့် ရွှေနံ့သာ–ဇနီးကွင်းလမ်း ရေစီးရေလာကောင်းမွန်ရေး အတွက် ရေမြောင်းများ ဖောက်လုပ်ခြင်းကိုမေ၁၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးရဲဝင်း၊ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် မြို့နယ်အသင်း အတွင်းရေးမှူး ဦးဇော်မင်းတို့ ကြီးကြပ် ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ကျောက်ပန်းတောင်း၌ စစ်မှုထမ်းဟောင်းအဖွဲ့ အရုဏ်ဆွမ်းလောင်းလှူ

ကျောက်ပန်းတောင်း မေ ၁၀

ကျောက်ပန်းတောင်း မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က သာသနပါလ အရုဏ်ဆွမ်း လောင်းလှူပွဲကို မေ၅ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးဌေးဝင်း(ငြိမ်း)၊မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး တပ်ကြပ်ကြီးဘမို(ငြိမ်း) ဦးဆောင်သော စစ်မှုထမ်းဟောင်း မိသားစုများတက်ရောက်၍ အရုဏ်ဆွမ်းများ လောင်းလှူကြရာ မြို့ပေါ်စာသင်တိုက်များမှသံဃာတော်အပါး၄၀၀ ကြွရောက် ဆွမ်းခံတော်မူကြသည်။ **(၀၆၁)**

မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလလမ်းမကြီးတစ်လျှောက်ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်နှင့် သန့်ရှင်းမှုရှိစေရေးအတွက် မေ၁၃ရက်က အမှုဆောင်အရာရှိဦးမြင့်မောင် ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

နွားထိုးကြီးတွင် ဝါဧက ၂၉၈၅၀ စိုက်မည်

နွားထိုးကြီး မေ ၆

၂၀၀၆–၂၀၀၇ ဝါမျိုးစုံစိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက်က နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး ဝါ၊ ပိုးလုပ်ငန်း မန်နေဂျာ ဒေါ်စန်းစန်းမြင့်က ဝါမျိုးစေ့နှင့်ပတ်သက်သော အကြောင်းအရာများ၊ လျာထားဧကများ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရန်ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ အဖွဲ့ဝင်(၁)ဒုတိယရဲမှူးအောင်သန်းတို့ ရှေ့တန်းစခန်းခုနစ်ခုတို့တွင် ဝါစိုက် ဧက ၂၉၈၅၀ စိုက်ပျိုးရန် စီမံကိန်းတာဝန်များကို ပေးအပ်ကြကြောင်း သိရသည်။ **(၂၁၃)**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဦးစီးဌာနနှင့်လုပ်ငန်းဌာနများက လုပ်ငန်းဆောင်ရွက်မှုများရှင်းလင်းတင်ပြ

ရန်ကုန် မေ ၁၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၆ရက် ညနေ ၅နာရီက နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က မြန်မာနိုင်ငံ၏ တိရစ္ဆာန်မွေးမြူရေး အခြေအနေ၊ အသားထုတ်လုပ်မှုအခြေအနေနှင့် ကြက်၊ ငှက်တုပ်ကွေးရောဂါ ထိန်းသိမ်းကာကွယ်နိုင်မှု *စာမျက်နှာ ၈ ကော်လံ ၁* ✡

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြားစဉ်။

(မွေး/ရေ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်းများသတ်မှတ်အရည်အသွေးအတိုင်း စနစ်တကျခင်းကျင်း လမ်းဘေးဝဲယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းအောင်ဆောင်ရွက်

ရန်ကုန် မေ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၁ရက် နံနက် ၉နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျင်မောင်၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးမောင်၊ ဌာနအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်းစီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

ဒေါ်နအောင်

ဘင်တန်ဝိတ်တန်း ၅၇ကီလို ဗိုလ်လုပွဲစဉ်၌ အသဲစွဲ(ဘိလပ်မြေစက်ရုံ)နှင့် ယှဉ်ပြိုင် ထိုးသတ် ရ မည့် ဒေါ်နအောင် (ကျွဲမင်း)။

(မြန်မာ့အလင်း)

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ (မေ ၂၀ရက်) ၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အမျိုးသားရေးကိုမကြည့်ဘဲ အမျိုးသားညီလာခံကြီးကိုကျောခိုင်းခဲ့ ပါတီတစ်ခုလူတစ်စုကောင်းစားရေးအတွက် နိုင်ငံတော်နှင့် တစ်မျိုးသားလုံးအကျိုးစီးပွားကိုဆန့်ကျင် အဖျက်အမှောင့်လုပ်ငန်းများကို ပြည်ပနိုင်ငံအချို့နှင့် မြေပေါ်မြေအောက်အဖျက်သမားများနှင့် ပူးပေါင်းလုပ်ဆောင်နေ ရွှေကူမြို့နယ် NLD ပါတီဝင် ၆၈ ဦးဒုတိယအကြိမ်စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၆၈ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြားခဲ့သည်။ ထို့နောက် အဆိုပါ ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၆၈ဦးသည် ၎င်းတို့၏နုတ်ထွက်လွှာများကို မေ ၇ရက် မွန်းလွဲ ၁နာရီတွင် ရွှေကူမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ရွှေကူမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ် ကော်မရှင် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် NLD ပါတီမှ နုတ်ထွက်သူများတက်ရောက်ကြပြီး ရွှေကူမြို့နယ် မိုးစစ်ကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေးဥက္ကဋ္ဌ ဦးကျားကြီးက သဘာပတိအဖြစ် ဆောင်ရွက်၍ ရွှေကူမြို့နယ် ဆိုင်းကုန်းရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးကော်မတီဝင် ဦးကြည်စိုးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက်ပါတီဝင် ၆၈ဦးကိုယ်စား ဆိုင်းကုန်းရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးကော်မတီဝင် ဦးဝေလွင်က နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရာ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသည် *စာမျက်နှာ ၈ ကော်လံ ၄* ❐

ရွှေခါးပတ်ချန်ပီယံလုပွဲစဉ်များ ယှဉ်ပြိုင်မည် ကြယ်လင်းအောင်နှင့် ဝင်းထွန်းတို့ အလားအလာကောင်း

သတင်းဆောင်းပါး- ကိုထွေး၊ ဓာတ်ပုံ - မြန်မာ့အလင်း

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကိုယ်အလေးချိန် အတန်းလိုက် ဗိုလ်လုပွဲစဉ်များကို မေ ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ကိုယ်အလေးချိန်အတန်းလိုက် ဗိုလ်လုပွဲစဉ်များတွင် အတန်း ၁၀တန်း ပါဝင်မည်ဖြစ်ရာ လိုက်ဖလိုင်းဝိတ်တန်း ၄၈ကီလို၊ ဖလိုင်းဝိတ်တန်း ၅၁ကီလို၊ ဘင်တန်ဝိတ်တန်း ၅၄ကီလို၊ ဖယ်သာဝိတ်တန်း ၅၇ကီလို၊ လိုက်ဝိတ်တန်း ကီလို၆၀နှင့် လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ဒသမ ၅ကီလို ဗိုလ်လုပွဲစဉ်များ အကြိုသုံးသပ်ချက်ကို မြန်မာ့အလင်းပရိသတ်အတွက် တင်ဆက်ဖော်ပြလိုက်ပါသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ■